
ကျော်အောင်



ဒုတိယအကြိမ်

# နိဗ္ဗာန်ဘုံပျောက်ဆုံးခြင်း

## ကျော်အောင်

## သတ္တမ နှစ်လည်မှတ်ချက်

ပုဂံသည် စာပေဝန်ကို ထမ်းဆောင်ခဲ့သည်မှာ ခုနစ်နှစ် တင်းတင်း ပြည့်ခဲ့ပေပြီ။ ထို ခုနစ်နှစ်ကာလအတွင်းတွင် ပုဂံသည် စာပေဝန် ထမ်းဆောင်ခဲ့ရာ၌ တစ်စုံတစ်ခုသော အတိုင်းအတာအားဖြင့် တတ်စွမ်းသမျှ ကြိုးစားအား ထုတ်ခဲ့ပါသည်။ ထိုသို့ အားထုတ်ခဲ့ရာတွင် ပုဂံသည် စာအုပ်အမျိုးအစားပေါင်း ၁၇၆ မျိုးကို စောင်ရေအားဖြင့် ကိုးသိန်း လေးသောင်း ခြောက်ထောင့် တစ်ရာ (၉၄၆၄၁၀၀) ထုတ်ဝေခဲ့ပြီး ဖြစ်လေသည်။ ဖော်ပြပါ ၁၇၆ မျိုးတွင် ရသစာပေဝင် ဝတ္ထု၊ ပြဇာတ်၊ ကဗျာ ၁၀၁ မျိုးနှင့် ကျမ်းစာအုပ် ၆၃မျိုး၊ သီချင်း ၁၂ မျိုး ထုတ်ဝေခဲ့ပါသည်။

ရသစာပေ ၁၀၁ မျိုးတွင် ဝတ္ထု ၉၂ မျိုး ပါဝင်ရာ အိမ်ထောင်ရေး နှင့် ဘဝသရုပ်ဖော် ၂၆ မျိုး၊ နိုင်ငံရေး၊ သမိုင်းနှင့် တိုင်းပြုပြည်ပြုဝတ္ထု၂၅ မျိုး၊ စုံထောက်၊ လျှို့ဝှက်နှင့် ဟာသဝတ္ထု ၁၄ မျိုး၊ ဝတ္ထုတို ၁၁ မျိုး၊ ဘာသာပြန် ၂၅ မျိုး၊ ပုံပြင် ၁ မျိုးဖြစ်ပြီး၊ ပြဇာတ် ၆ မျိုးနှင့်၊ ကဗျာ၃မျိုး ပါဝင်ပါသည်။ ဝတ္ထုမဟုတ်သော ကျမ်းစာအုပ် ၆၃ မျိုးတွင် သမိုင်းနှင့် အတ္ထုပ္ပတ္တိကျမ်း ၁၄ မျိုး၊ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးကျမ်း ၈မျိုး၊ ဘာသာရေးကျမ်း ၄ မျိုး၊ စာပေနှင့် ယဉ်ကျေးမှုဆိုင်ရာ ကျမ်း ၁၃ မျိုး၊ သိပ္ပံနှင့်ဆေးပညာကျမ်း ၁၄ မျိုး၊ စစ်ရေးစစ်ရာကျမ်း ၄ မျိုးနှင့် အထွေထွေ ကျမ်း ၆ မျိုးပါဝင်ပါသည်။ ကျန် ၁၂ မျိုးမှာ သီချင်းစာအုပ်များ ဖြစ်ပါသည်။

ထိုသို့ ထုတ်ဝေခဲ့သော ကာလမှာပင် ပုဂံသည် မြန်မာဝတ္ထုရှည်ကြီးများ ပေါ်ပေါက် ထွန်းကားရေးကို ရည်သန်ကာ နှစ်ပတ်လည် ကာလတိုင်း၌ ပင်ကိုရေး မြန်မာဝတ္ထုကြီးများကို ထုတ်ဝေလာခဲ့ပါသည်။ ယခုနှစ်တွင် ကျော်အောင်၏ နိဗ္ဗာန်ဘုံပျောက်ဆုံးခြင်း ကို ပုဂံ၏ သတ္တမမြောက် နှစ်ပတ်လည် အထိမ်းအမှတ်အဖြစ် ထုတ်ဝေပါသည်။

ပုဂံသည် ယင်းသို့ မြန်မာ ဝတ္ထုရှည်ကြီးများ ထွန်းကားရေးကို ရည်သန်အားထုတ်သည်နှင့် အမျှ စာရေးဆရာအများ ရေးသားနိုင်မှုအပေါ်တွင် တည်၍ မြန်မာဝတ္ထုကောင်းများနှင့်တကွ ပြဇာတ်များ၊ ကဗျာများ တိုးတက်ဖြစ်ထွန်းရေးကိုလည်း ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပေသည်။ တစ်ချိန်တည်းမှာပင် မြန်မာစာဖတ် ပရိသတ်တို့အား ကမ္ဘာ့ဂန္ထဝင်စာပေများနှင့် လည်း မိတ်ဆက်ပေးသွားရန် ကြံရွယ်ရင်းရှိပါသည်။ ထို့ကြောင့် ပုဂံသည် မြန်မာစာဖတ် ပရိသတ် လိုအင်နှင့်ကိုက်ညီမည့် သင့်နိုးရာရာ ကမ္ဘာ့ဂန္ထဝင်များ ကိုလည်း ထုတ်ဝေသွားမည် ဖြစ်ပါသည်။ တစ်ဖက်တွင်လည်း အသိပညာပေး ကျမ်းစာအုပ်များကို စနစ်တကျ ထုတ်ဝေသွားရန် ရည်ရွယ် စီစဉ်ထားပြီး ဖြစ်ပါသည်။

ဤနည်းဖြင့် ပုဂံသည် စာရေးဆရာများနှင့် စာပေမြတ်နိုးသော လုပ်သားပြည်သူတို့ အကြားတွင် နှစ်ဦးနှစ်ဖက် ကျေနပ်မှု အဖြစ်ရဆုံးသော စာပေဝန်ထမ်း တစ်ဦးအဖြစ် ဆထက်တိုး၍ သယ်ပိုး ထမ်းဆောင်သွားမည် ဖြစ်ကြောင်း ထပ်လောင်း ကတိပေးပါသည်။

၁၊ ဩဂုတ်၊ ၁၉၆၉

ပုဂံစာအုပ်တိုက်

စာရေးသူ၏ အမှာ

ဤဝတ္ထု ဖြစ်လာပုံကို အနည်းငယ် ပြောချင်ပါသည်။

နိဗ္ဗာန်ဘုံပျောက်ဆုံးခြင်း ကိုရေးရန် ဖြုန်းစားကြီးပင် အကြောင်းဖန်လာသည်။ ကျွန်တော့်တွင် ဇာတ်အိမ်ကား ရှိနေပြီ။ သို့သော် ရေးမည်ဟု စိတ်ကူးထားရုံသာ ဖြစ်သည်။

ဂျူလိုင်လလယ် တစ်နေ့တွင် မင်းကျော်က 'ကဲ ကိုကျော်အောင်၊ ဒီနှစ် ပုဂံနှစ်ပတ်လည်မှာ ခင်ဗျားပဲ အစားဝင်ပေတော့။ အချိန်ကတော့ သိပ်မရှိဘူး။ တစ်နေ့ ၅ ဖောင်ရေး။ လဆန်းဆို ပြီးရောပေါ့' ဟု ဆိုသည်။ 'ဖြစ်ပါတယ်ဗျာ' ဟူ၍လည်း အားပေးသည်။ ရေးဖော်ရေးဖက်များ ကလည်း ကူညီအားပေးကြသည်။ ထိုအားပေးစကားတို့ကြောင့် ကျွန်တော်လည်း ရေးချင်စိတ် ပေါ်လာကာ ရေးလိုက်ခြင်းပင်ဖြစ်သည်။ သို့သော် ရေးသည့်အချိန်တွင် မှန်းခြေမကိုက်။ အချိန်နည်းသည်ကို တွေ့လာရသည်။ ရေးရင်း စိတ်ဓာတ် ကျလိုက် တက်လိုက် အဖြစ်ကို ကြုံရသည်။ အားတက်သည့်အခါ လျှောခနဲ ထွက်သွားသည်။ အားပျက်သည့်အခါ မှန်းခြေမကိုက်။ သို့နှင့် ဩဂုတ် ၁၂ ရက်နေ့တွင်မှ အဆုံးသတ်နိုင်သည်။ ဝတ္ထု၏ ဦးတည်ချက်မှာ ခေတ်အမျိုးမျိုး ပြောင်းလာသည့်အခါ အခြေအနေ အမျိုးမျိုးကြောင့် ခေတ်သစ်၏ ခေါ်ရာသို့ မလိုက်နိုင်ဘဲ ကျဆုံးသွားသည့် လူတန်းစားတစ်ရပ် အကြောင်းပင်ဖြစ်သည်။ ထိုဦးတည်ချက်နှင့် လိုက်ညီသည့် ဇာတ်ဆောင်များ ၏ စရိုက်တို့ ပီသအောင် ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစား၍ ရေးသား ထားပါသည်။ ကျွန်တော်သည် ဘာသာပြန်နှင့် ဝတ္ထုတိုများကိုသာ ရေးခဲ့ပါ သည်။ ဤဝတ္ထုရှည်ကား ကျွန်တော်၏ ပထမဆုံးအားထုတ်မှု တစ်ခုပင် ဖြစ်ပါသည်။ ကျွန်တော်၏ ဦးတည်ချက်နှင့် ကျွန်တော့်ဇာတ်ဆောင်တို့၏ စရိုက် မပီသလျှင် ကျွန်တော်အများကြီး လိုသေးသည်ဟု ဝန်ခံရမည် ဖြစ်ပါ သည်။

ဝတ္ထုရှည်ကြီးများကို မြေတောင် မြှောက်ပေးရန် အားသန်သည့် ပုဂံ စာအုပ်တိုက်ကို များစွာ ကျေးဇူးတင်ပါကြောင်း။ ထို့ပြင် ဤဝတ္ထု ရေးသား ရာ၌ ကူညီအားပေးခဲ့ကြသော မိတ်ဆွေ သူငယ်ချင်းများကိုလည်း များစွာ ကျေးဇူးတင်ကြောင်း ဖော်ပြအပ်ပါသည်။

၁၃၊ ဩဂုတ်၊ ၁၉၆၉
ကျော်အောင်

'လယ်သမားတွေ ဘယ်လောက် ဒုက္ခရောက်ခဲ့တယ်

ဘယ်လောက်ခံခဲ့ရတယ်ဆိုတာလဲပဲ

ကျွန်တော်တို့ သိသင့်သလောက်သိခဲ့ပါတယ်။

အဲဒီကိစ္စတွေကိုလဲ ပြေပြေလည်လည် ဖြစ်အောင်

နောက် ဒီလို ဒုက္ခသုက္ခ မဖြစ်အောင်လဲ တိုင်တိုင်ပင်ပင်နဲ့ လုပ်သွားပါ့ မယ်'

သူ့နားထဲတွင် အသံများ ဆူညံနေသည်။ ရောထွေးနေသည်။ ဘာတစ်ခုမျှ ကြည်ကြည်လင်လင် မရှိ။ ပီသမလိုလိုနှင့် ပျောက်သွားလိုက်၊ တိမ်သွားရာမှ ကျယ်ကျယ် လောင်လောင် ပြန်ပေါ်လာလိုက်။ အားလုံး ရောကာထွေးကာ နားထဲသို့ဝင်လာသည်။

'တောင်သူလယ်သမားဘဝ မြှင့်တင်ရေးအပိုဒ်မှာ ကျွန်တော် အခုလို ဘဝ မြှင့်တင်ရေးနဲ့ ပတ်သက်ပြီး ပြောတဲ့အထဲမှာတော့ အတန်ငယ် တရား ကြောင်းနဲ့လဲ ပတ်သက်တဲ့ သဘောတရားလေးတွေ ဘာတွေ အတန် ငယ် ပါလိမ့်မယ် ခင်ဗျား။ ဒီလိုပါလာတဲ့ အချိန်ကျတော့ကာ ဘုန်းကြီးတရားပွဲ ပြောနေသကဲ့သို့ ထင်မြင်ယူဆမှာကိုလဲ စိုးရိမ်ပါတယ်ခင်ဗျာ။ ဒီတော့...'

မနီးမဝေးမှ ဂီတသံတစ်ခုသည် သူ့နားထဲသို့ တိုးဝင်လာပြန်သည်။

ဝေ့ တေ့ တေ တေ။ တူတိန် တိန်တိန် တိန်။

ကရင်ဒုံးယိမ်း ကနေပြီ။ ကရင်ဒုံးကို သူ နှစ်သက်သည်။ အကသည် သွက်သည်။ တေးသွားကိုကား သူ နားမလည်။ သို့သော် မာန်ပါသည်။ စူးစူးရှရှ တေးသံသည် သူ့ကို မြူးစေကြွစေသည်။ မြူးသည့်ကြွသည့်အခါ သူ့စိတ်သည် လန်းဆန်းလာသည်။ မြူးဖို့ ကြွဖို့သာ သူ တောင့်တသည်။ သူလည်း ဒုံးကသည့် ကရင်အမျိုးသမီးလေးများလို မြူးချင်ကြွချင်သည်။ ထုံထုံထိုင်းထိုင်း မနေချင်။ ထုံထိုင်းသည့်ဘဝကိုလည်း မလိုချင်။ မြူးလိုက် ကြွလိုက် ရယ်လိုက် ပျော်လိုက်နှင့်။ သည်လိုနှင့် လူ့ဘဝကြီး ကုန်ဆုံးသွားစေချင်သည်။ သူ့အတူ အားလုံးလည်း မြူးစေ ကြွစေ ရယ်စေပျော်စေ ချင်သည်။ ဤသည်မှာ သူ့ဆန္ဒရင်းပင်ဖြစ်သည်။ အမြူးအကြွကို သူ ရှာခဲ့သည်။ ရင်မောစရာကလေးများ၊ တုန်လှုပ် ထိတ်လန့်စရာကလေးများ အကြားမှ အမြူးအကြွ သူရှာခဲ့သည်။ ပြည့်ပြည့်ဝဝ သူ မရခဲ့။ သည်လိုနှင့် သေတွင်းနှုတ်ခမ်းရောက်နေပြီ။ မကြာလင့်မီ သူသည် သေမင်းတွင်းဆုံး ကျတော့မည်။

ဒုံးသံစာစာသည် တိမ်၍ တိမ်၍ ပျောက်၍ ပျောက်၍ သွားသည်။ သည့်နောက် ဝေါဝေါ ဝေါဝေါနှင့် အသံချဲ့စက်မြည်သံ၊ စီခနဲ စူးခနဲ တိုးကြိတ် ထိုးဖောက် ထွက်ပေါ်လာသည့် အသံချဲ့စက် အသံတို့ကို သူ ကြားရ ပြန်သည်။ သူ့နားကို ပိတ်လိုက်သည်။ လက်နှစ်ဖက်နှင့် ပိတ်ခြင်းကား မဟုတ်၊ ဂွမ်းဆို့ ပိတ်လိုက်ခြင်းကား မဟုတ်၊ သောတာအာရုံကို တိခနဲ ဖြတ်တောက်လိုက်ခြင်းသာ ဖြစ်သည်။ အသံဗလံများကိုကား ကြားနေရပါ၏။ ဝေါဝေါသံတို့သည် သူ့နားတွင်းသို့ တိုးဝင်နေကြပါ၏။ သို့သော် သူ့ ဦးနှောက်က ထိုအသံတို့ကို သာယာသည်၊ ဆူညံသည်၊ တိုးသည်၊ ကျယ်သည်ဟူ၍

ခွဲခြမ်းစိတ်ဖြာပြုကာ လက်မခံတော့။ သူသည် သောတာအာရုံတွင် ကျက်မစားလိုတော့ပြီ။ သောတာရုံတွင် မခံစားလိုတော့ပြီ။ ထိုသောတာရုံတို့ကို တိခနဲ ဖြတ်လိုက်သည့်အခါ သူ့ဦးနှောက်ထဲတွင် အာရုံရိပ်တို့ လှုပ်ရှားလာကြပြန်သည်။ ဝေးလိုက်၊ နီးလိုက်၊ မှုန်လိုက်၊ ဝါးလိုက်။ မှုန်သည် ဝါးသည်တို့ကို ကြည်လင်အောင်၊ ပြတ်သားအောင်၊ ဝေးသည်ကို နီးအောင်၊ နီးသည်ကို ပျောက်မသွားအောင် ထိန်းချုပ်လိုက်သည်။ သူသည် အာရုံရိပ်တို့ အလယ်တွင် ကျက်စားနေပြီ။ သူ့စိတ်သည် အတန်ငယ် တည်ငြိမ်သလို ရှိလာသည်။ သို့နှင့် သူသည် အလွန်မောပန်းစရာ ကောင်းသည့် ခရီးရှည်ချီတက်ပွဲကြီးကို ချီတက်နေသည်။ သမိုင်းထိုးထားသည့် ခရီးရှည် ချီတက်ပွဲကြီးတို့ထက်ပင် မောပန်းစရာကောင်းလှသည်ဟု သူ့စိတ်ထဲတွင် ထင်မိသည်။ မွန်ဂိုတို့၏ ဘုရင် တိမူဂျင် ဂန္ဓာလရာဇ်မြို့တော်သို့ ချီတက်သည်နှင့် တူသည်ဟုလည်း သူ့စိတ်ထဲတွင် ထင်မိသည်။ ကိုလမ်ဗတ် မြောက်အမေရိကတိုက်ကို အရှာထွက်သည်နှင့်လည်း တူသည်ဟု သူ့စိတ်ထဲတွင် ထင်မိသည်။ ဒုံးယာဉ်ဖြင့် ဂါဂါရင် ကမ္ဘာကိုပတ်သည့်ခရီးနှင့် တူသည်ဟုလည်း ထင်မိသည်။

မောစရာပါတကား။ မောလှပါတကား။

***

(၁)

အဖြစ်အပျက်တို့သည် မြန်ဆန်လွန်းလှသည်။ အဖြစ်အပျက်တို့ကို မီ၍ လူတို့၏ အပြောင်းအလဲသည်လည်း မြန်ဆန်လှသည်။ သို့ရာတွင် ရေမြေဒေသလိုက်၍ ခေတ်ကိုမမီနိုင် မကျော်နိုင်သည် တို့လည်း ရှိသည်။

၁၈၈၆ တွင် သီပေါဘုရင် ပါတော်မူပြီးသည့်နောက် ပေါင်းလောင်းသည် အတန်ငယ် မျက်စိပွင့်လာသည်ဟု ဆိုရမည်။ အကူးအသန်း အသွားအလာ ခက်ခဲမှုက ပေါင်းလောင်းကို တိုင်းစွန်ပြည်နား ဖြစ်အောင် ဖန်တီးထားသည်။ ဟိုးအဝေး ဒဂုန်ဒလကျေးဟု ခေါ်သည့်ဒေသတွင် တိုက်သစ် အိမ်သစ် မြို့သစ်ရွာသစ်တို့ စည်ပင်ဖွံ့ဖြိုးလာသည်ဟု သဲ့သဲ့မျှသော သတင်းစကား ကြားရသည်။ ပေါင်းလောင်း တစ်မြို့လုံးတွင်မှ တစ်ယောက်တလေသာ ဒဂုန်ဒလကျေးသို့ ရောက်ဖူး ပေါက်ဖူးသည်။ ထိုဒဂုန်ဒလကျေးလက်ကား ယခုအခါ အင်္ဂလိပ်မင်းတို့ ရုံးစိုက်ရာ ရန်ကုန်မြို့ ဖြစ်နေပြီ။ မြန်အောင်၊ ဟင်္သာတ၊ ကြံခင်း၊ မြောင်းမြ၊ ပြည်၊ သာယာဝတီ၊ မုတ္တမ ကျေးလက်တို့တွင် ခေတ်သစ် ဆန်းနေပြီ။ အောက်ဗမာပြည်ကို သိမ်းထားသော အင်္ဂလိပ် နယ်သစ်ပယ်သစ်တွင် အုပ်ချုပ်ရေး လွယ်ကူစေခြင်းငှာ ရုံး၊ ဂါတ်၊ ကျောင်း စသည်တို့ ဖွင့်လှစ်ပေးနေပြီ။ မြန်မာ့သယံဇာတကို လွယ်လင့်တကူ ထုတ်လုပ်ရောင်းဝယ် ဖောက်ကားနိုင်ရန် ခရီးလမ်းပန်းသစ်များလည်း ဖောက်လုပ်နေပြီ။ သယံဇာတ ပစ္စည်းတို့ကို အသင့်သုံးစွဲနိုင်အောင် စက်မှုကိရိယာ၏ အထောက်အကူတို့ ကိုလည်း ဖန်တီးပေးထားသည်။ ဆန်စက်၊ သစ်စက်စသော စက်များ ထိုဒေသထိုအရပ်ဆီ၌

တည်ထောင်နေကြပြီ။ ကျယ်ကျယ်ပြန့်ပြန့် ရောင်းဝယ်ဖောက်ကားသည့် စီးပွားရေးစနစ်အသစ်သည် ထိုဒေသ ထိုအရပ်၌ တိုးပွားစည်ပင်ရန် အရှိန်ယူစပြုနေပြီ။ ထိုသို့ဖြစ်လျှင် ထိုဒေသထိုအရပ်တို့၌ အသိသစ် အမြင်သစ်တို့သည်လည်း အဘယ်မှာလျှင် မတိုးတက်ဘဲ မဖွံ့ဖြိုးဘဲ ရှိနိုင်အံ့နည်း။

မောင်ဖေမောင်သည် ဆန်းစပြုနေပြီဖြစ်သော ခေတ်၌ မွေးဖွားကြီးပြင်းလာခဲ့လေသည်။ သူ့ဇာတိကား ပေါင်းလောင်း ဖြစ်သည်။

ပေါင်းလောင်းသည် တိုင်းစွန်ပြည်နားဟု ခေါ်နိုင်သော အရပ်ဖြစ်သည်။ ခေတ်ဟောင်းတွင် အိပ်မောကျနေသည့် ပေါင်းလောင်း။ ခေတ်ဟောင်းတွင် အခွန်အတုတ် မှန်မှန်ဆက်ရခြင်း၊ စစ်သည်တော် မှန်မှန်စုပေး ရခြင်းသည် အလုပ်ကြီးနှစ်ခုတွင်သာ နစ်မြုပ်နေခဲ့သည့်ပေါင်းလောင်း။ အိမ်ခြေသုံးရာကျော် လေးရာမျှသာရှိသည့် ပေါင်းလောင်း။ ထိုပေါင်းလောင်းကား စည်ပင်ဖွံ့ဖြိုးခြင်း မရှိသေး။ ခေတ်ကို ပေါင်းလောင်းသည် လိုက်၍ မမီသေး။ ခေတ်နောက်ကိုသာ ပေါင်းလောင်းက အမြဲလိုက်ခဲ့ရသည်။ သို့သော် မမီ။ နောက်ကျ၍ ကျန်ရစ်ခဲ့သည်သာ များသည်။ ဤပေါင်းလောင်း သည် မောင်ဖေမောင်၏ ဇာတိ၊ မောင်ဖေမောင်၏မိဘ ဦးရွှေဖြူ၊ ဒေါ်ငြိမ်းတို့၏ ဇာတိ ဖြစ်လေသည်။

ပေါင်းလောင်းတွင် ရောင်းဝယ်ဖောက်ကားမှု မဖွံ့ဖြိုးသေး။ ပေါင်းလောင်း၏ ထွက်ကုန်မှာ နှမ်း၊ ပဲ၊ ပြောင်း၊ ဝါတို့သာ ဖြစ်သည်။ ပေါင်းလောင်းနှင့် ခပ်လှမ်းလှမ်းတွင် ဆေးထွက်သည်။ နှမ်း ပဲ ပြောင်း ဝါ တို့ကား မဖြစ်စလောက် မဆိုစလောက်သာ ထွက်သည်။ ရောင်းဝယ်ဖောက်ကားနိုင်လောက်အောင် မဟုတ်လှ။ အကြီးအကျယ် ရောင်းဝယ်ဖောက်ကား ဖို့ကိုလည်း ဘယ်သူမှ စိတ်မကူးမိကြသေး။

မကြာသေးမီကပင် ပေါင်းလောင်းနယ်၌ တအံ့တသြ ဖြစ်သွား သည့်

စိုက်ပျိုးရေး သတင်းတစ်ခုကြောင့် သူသူငါငါ ပြောဆိုဆွေးနွေးကြသည့် အဖြစ်သို့ ရောက်ခဲ့သေးသည်။ ယင်းမှာ တောင်သူများလက်သို့ သီးနှံသစ် တစ်ခုဖြစ်သည့် မြေပဲရောက်လာခြင်းပင်ဖြစ်သည်။ မြေပဲကို နေပြည်တော် မန်းဌာနီက သယ်ဆောင်လာခဲ့သူမှာ သွေးသောက်ကြီးတစ်ယောက် ဖြစ်သည်။ မန်းမနီး ရေဝေးဖြစ်သည့် ပေါင်းလောင်းသို့ မြေပဲရောက်လာသော အခါ အံ့ဖွယ်ဘနန်း ကြုံကြရသည်ဟု ဆိုကြဖူးသည်။ အစဉ်အဆက်က စိုက်ခဲ့ပျိုးခဲ့သည်မှာ နှမ်း ပဲကြီး ပဲလွန်း ပြောင်း ဧရတ် လူးဆတ်တို့သာ ဖြစ်သည်။ ပဲကြီး ပဲလွန်း ပဲနီ စသည်တို့သည် ပေါင်းလောင်းသားတို့၏ အစာဖြစ်သည်။ မြေပဲကို နေပြည်တော်သို့ သိုးဆောင်းလူမျိုး ကုလားဖြူတို့ သယ်ဆောင်လာသည် ဟုဆိုသည်။ နေပြည်တော်တစ်ဝိုက်၌ကား စမ်းသပ် စိုက်ပျိုးနေကြပြီဟုကြားရသည်။ သို့သော် ကြီးကြီးကျယ်ကျယ် များများ စားစား မဟုတ်တန်ရာ။ မြေပဲမှ ဆီရသည်။ ရိုးရာဓလေ့ကား သူတို့သည် နှမ်းဆီနှင့်သာ လူဖြစ်ခဲ့ကြရသည်။ နှမ်းဆီဖွေးဖွေးကို ဆမ်း၍ စားရသည့် အရသာ သည်ပင် မွန်မြတ်လှပေပြီ။ မြေပဲကား ရိုးရာမဟုတ်။ စိုက်ပျိုးနည်း ကိုလည်း တစ်ဆင့် သင်ကြားယူရသည့် သီးနှံမျိုးဖြစ်သည်။ သို့ဖြစ်ရာ နေပြည်တော်တစ်ဝိုက်တွင် စမ်းတဝါးဝါး စိုက်ပျိုးရာမှ အောင်မြင်လာသည် ဟု ဆိုသည်။ တို့လူမျိုးကားမခေ။ အရိပ်ပြလျှင် အကောင်ထင်သည့်လူမျိုး ဖြစ်သည်မဟုတ်လား။ ပေါင်းလောင်းသားတို့သည်လည်း ခေသူများ မဟုတ် ကြ။ ညံ့သူများမဟုတ်ကြ။ ထိုမြေပဲကို ပေါင်းလောင်းတွင် စိုက်နိုင် ပျိုးနိုင်ခဲ့ကြ သည်။ အသီးအနှံ ဖြစ်ထွန်းသည့်အခါလည်း ရှိပါ၏။ မ ဖြစ်ထွန်းသည့်အခါလည်း ရှိပါ၏။ မည်သို့ဆိုစေ မြေပဲဆီသည် မြန်မာ့ အစဉ်အလာတွင်းသို့ ဝင်ခဲ့ပြီ။

ရောင်းဝယ်ဖောက်ကားသည်ဆိုသည့် စကားသည်ပင် ပေါင်းလောင်း

ဒေသအဖို့ အတန်ငယ် ကြီးကျယ်နေသည်ဟု ဆိုရချိမ့်မည်။ ပေါင်းလောင်းသား တို့ကလည်း ရောင်းဝယ် ဖောက်ကားရေး၏ အတိုင်းအတာကို မသိ။ ရောင်းဝယ်ဖောက်ကားရေးကြောင့် တစ်ပြည်လုံး အင်္ဂလိပ်လက်သို့ ပါရသည်ဆိုသည်ကိုကား ဝေလာဝေး။ ဝမ်းစာသာလျှင် ပေါင်းလောင်းသားတို့၏ စိုက်ပျိုးရေး ရည်ရွယ်ချက်ဖြစ်သည်။ ဝမ်းစာမှပိုလျှံသည့်အခါ ရောင်းချသည်။ များများ ရောင်းချရအောင် များများလည်းမစိုက်။ စိုက်လည်း မစိုက်နိုင်။ သူတို့သည် တင်းတိမ်ရောင့်ရဲ နိုင်ကြသူများဖြစ်သည်။ သူတို့ကို ခေတ်က မထိမတွေ့သရွေ့ တင်းတိမ်ရောင့်ရဲနေမည်သာ ဖြစ်သည်။ ခေတ်နှင့်ထိတွေ့ နိုင်အောင်ကလည်း သူတို့အဖို့ မလွယ်ကူလှ။ ပေါင်းလောင်းသည် ပေါင်းလောင်း မြစ်ကမ်းပါး၌ တည်သည့် ရွာကြီးတစ်ရွာသာ ဖြစ်သည်။ ရွာကြီးလျှင် မြို့ဖြစ်လာသောကြောင့် ပေါင်းလောင်းမြို့ဟု ခေါ်တွင် သမုတ်လာကြသည့် မြို့ဖြစ်သည်။ ပေါင်းလောင်း မြစ်ကလေးသည် မြစ်ကြီးဧရာထဲသို့ စီးဝင်သည်။ မြစ်ကြီးဧရာကား အပြောကျယ်လှသည်။ ပေါင်းလောင်း မြစ်ကလေးကား ချောင်းကြီးသာသာ။ ဤလယ်ဤယာကိုမှီ၍ တောင်သူလယ်လုပ် ရှိသလို၊ ဤမြစ်ဤချောင်းကိုမှီ၍ လှေနှင့်တက်နှင့် အလုပ်လုပ်သူတို့လည်း ပေါင်းလောင်းတွင် ရှိပါသည်။ သူတို့သည် လှေနှင့်တက်နှင့် မြစ်ကြီးဧရာကိုဆန်ကာ နေပြည်တော်သို့ ကူးလူးဆက်ဆံပြုကြသည်။ တစ်ဖန် မြစ်ကြီးဧရာကို စုန်ကာ အောက်ပြည်အောက်ရွာ မြန်အောင်၊ ကြံခင်း၊ ဟင်္သာတတို့ဆီအထိ ခြေဆန့်သည်လည်း ရှိပါသည်။ သူတို့၏ အသက်သွေးကြော တစ်ခုဖြစ်ကြသည့် ပေါင်းလောင်း ချောင်းနှင့် မြစ်ကြီး ဧရာတို့ကို မှီကာ မဆိုစလောက်သော ရောင်းဝယ် ဖောက်ကားမှုမျိုး ပြုကြပါသည်။ နေပြည်တော် မန်းဌာနီနှင့်ကား ပေါင်းလောင်းသားတို့ အတန်အသင့် ရင်းနှီးနေကြပြီ။ အောက်ပြည် အောက်ရွာနှင့်ကား ထဲထဲ

နယ်နယ် မရင်းနှီးသေး။ ပေါင်းလောင်းသားတို့ သည် လှေတက်ကိုင်ကာ မြန်အောင် ကြိုးခင်းသို့ရောက်ကြသည်။ သည့်ထက်ကျော်၍ ဟင်္သာတ၊ ဓနု ဖြူ၊ ညောင်တုန်း အရပ်များသို့ သွားသူလည်း သွားကြသည်။ သို့သော် တစ်နှစ်လုံးနေ၍မှ တစ်ခေါက်တစ်ခါသာ ရောက် ခွင့်ရကြသည်။ ဥဒဟို သွားလာနေကြသည် မဟုတ်။ ရောက်သည့်အခါ လှေထိုးသားတို့သည် လည်းကောင်း၊ လှေသူကြီးတို့သည် လည်းကောင်း ထိုမြို့ထိုရွာတို့၌ ပြောင်းနေသည့် ခေတ်သစ်၏ အနံ့အသက်တို့ကို ရှူရှိုက်ခဲ့ပါ၏။ ရင်းနှီးခဲ့ပါ၏။ သို့ငြားလည်း သူတို့သည် ပေါင်းလောင်းဒေသ၌ ခေတ်သစ်ကို ထူထောင်နိုင်ကြသူများ မဟုတ်ကြ။ တစ်ဖန် သူတို့အဖို့ တစ်နှစ်တစ်ခေါက် အိပ်မက်ဆန်ဆန် တွေ့ရမြင်ရ ကြားရပုံမျိုးအတိုင်းသာ တွေ့မြင်ကြားသိရခြင်း ဖြစ်သည်။ ထိုအရပ် ထိုဒေသတို့တွင် ဆန်းသစ်နေသည့် ခေတ်သစ်သည် ဗဟို အချက်အချာဖြစ်သည့် ရန်ကုန်မြို့ကိုမှီ၍ သစ်ရသည့် ခေတ်ဖြစ်သည်။ ထို အရပ်သား ထိုဒေသသားတို့ သည်ပင် ရန်ကုန်မြို့ကြီး၏ အပြောင်းအလဲတို့ကို မြန်မြန်ဆန်ဆန် လိုက်၍ မမီကြသေး။ သို့ဖြစ်လျှင် တစ်ဆင့်တစ်ဆင့် တွေ့မြင်ကြားသိရသော ပေါင်းလောင်းသားတို့သည် အဘယ်မှာလျှင် ဆန်းသစ်နေသည့် ခေတ်ကြီးကို အမီလိုက်နိုင်ပါမည်နည်း။

မောင်ဖေမောင်သည် ဆန်းသစ်လာသည့်ခေတ်၌ မွေးဖွားကြီးပြင်း လာရသည့် တက်လူဖြစ်သည်။ ခေတ်သစ်ကို လှမ်းမျှော်ကြည့်နေသူ ဖြစ်သည်။ ခေတ်သစ်၏ မက်လုံးတို့တွင် ကြည်နူးနေသူ ဖြစ်သည်။ ကြည်နူးရုံ သာ ကြည်နူးရသည်။ ခေတ်သစ်နှင့် ကိုယ်ထိလက်ရောက် မထိတွေ့ရသေး။ သူသည် ခေတ်သစ်တွင် လူလားမြောက်ရန် စွန့်စားချင်သည်။ နစ်ခါမှ နစ်စေတော့။

***

(၂)

သူ့ကို မြို့သူကြီးရိုး ကိုရွှေဖြူ မငြိမ်းတို့က မွေးခဲ့သည်။ သူ့ကို မွေးပြီး နောက် ငါးနှစ်ကြာမှ သူ့နှမ မငယ်ကို မွေးသည်။ သူတို့မောင်နှမ နှစ်ယောက်နှင့်အတူ သူကြီးကိုရွှေဖြူ သူကြီးကတော်မငြိမ်းတို့၏ လောက ကလေးကား အေးချမ်းသာယာ မရှိခဲ့။ သူတို့သည် မြို့သူကြီးရိုးဖြစ်သည်။ သူ့အဖေသည် မင်းပါးစိုးခွင် ဝင်ခဲ့ဖူးသည်။ သို့ရာတွင် မင်းပါးစိုးခွင်တွင် ကို ရွှေဖြူ မသာယာခဲ့ပါ။ မင်းခယောက်ျား ကမ်းနားသစ်ပင်ဆိုသည့် သဘော ကို ကိုရွှေဖြူ မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရသည်။ စကားစပ်မိလျှင် ကိုရွှေဖြူ သည် မင်းပါးစိုးခွင်ဝင်မိ၍ သူ့ရောင်းရင်းများ ဒုက္ခရောက်ခဲ့ပုံကို မကြာခဏ ပြောခဲ့သည်။ ကမ္ဘာကြီးပျက်ခါနီးမှ ယောင်တိယောင်တ လူ့ဘဝ ရသလို ဟူသော စလေကိုပုည၏ တေးတွင် ကိုရွှေဖြူ သံဝေဂယူမိသည်။ ကိုရွှေဖြူ သည် လက်ထက်တော်ကြီးနှင့် လက်ထက်တော်ကလေးတို့တွင် လူဖြစ်လာ သည်။ သီပေါမင်း ကုလားဖြူလက်သို့ ပါသည့်နှစ်တွင်မှ မြို့သူကြီးရိုး အရာ ရသည်။ အသက်ကား ခပ်ငယ်ငယ်။ နှစ်ဆယ်ကျော်မျှသာ ရှိသေးသည်။ သူကြီးရိုးရာမို့ သူ့လက်သို့ ထိုအရာသည် မလွဲမသွေ ရောက်လာခြင်းဖြစ် သည်။ သူနှင့်ကား မထိုက်တန်လှဟု သူ ထင်သည်။ သူလုပ်ရသည့်အလုပ် မှာ မှန်မှန် အခွန်ကောက်ရသည့် အလုပ်ပင် ဖြစ်သည်။ လက်ထက်တော် ကလေး တွင်မူ အခွန်အတုတ်စည်းကြပ်မှုသည် အတန်ငယ် စနစ် စည်းကမ်းကျလာပြီ ဖြစ်ရာ ရှေးကလို ပေါ့လျော့၍မရတော့။ ထိုစနစ် ထို စည်းကမ်းတို့ကို ယောဝန်ဦးဘိုးလှိုင် တီထွင်သည်ဟု သူ ကြားရဖူးသည်။

အမြော်အမြင်ရှိသည့် ပုဂ္ဂိုလ်ပေပဲဟု သူ့စိတ်ထဲတွင် ထင်မိသည်။ သူကြီး အရာရ၍ မကြာလင့်မီ ပင် သီပေါမင်းကို ကုလားဖြူက ဖမ်းသွားသည်။ သို့ပြားလည်း သူ့အရာကား မကျခဲ့။ ထိုအချိန်မှစ၍ ကိုးနှစ်ဆယ်နှစ်အတွင်း သူတို့ဘဝကား အသားမကျ၊ ပြေးရလွှားရနှင့် အိုးအိမ်အတည်တကျ မရှိခဲ့။ အိမ်ထောင်ကျပြီး နှစ်နှစ်ရှိ သည့်အခါ သား မောင်ဖေမောင်ကို မွေးခဲ့သည်။ သားမွေးပြီးမှ ခေတ်သည် အတည်မကျ ဖြစ်လာသည်။ အုန်းအုန်းကျွက်ကျွက် ဆူညံလာသည်။ တယ် တော်တဲ့ကိုပုညပဲဟု ကို ရွှေဖြူ ချီးကျူးမိသေးသည်။ ကမ္ဘာကြီးပျက်ခါနီးမှ ယောင်တိယောင်တ လူ့ ဘဝရသလိုဟူသော သူ့စာသည် မှန်နေပြီ။ ကမ္ဘာ မီးလောင် သားကောင် ချ နင်း ဖြစ်ချင်ရာတွေ ဖြစ်နေသည်။ ပျက်ချင်ရာတွေ ပျက်နေသည်။ ဖြစ်ခြင်း ပျက်ခြင်း တို့သည် အစိုးမရပါတကား ဟု ကိုရွှေဖြူ သံဝေဂ ရမိသေးသည်။

ပေါင်းလောင်းဒေသတွင် သီပေါပါသည့်အရေးသည် မအေးနိုင်ဘဲ ရှိခဲ့ သည်။ ဟိုကလူစု သည်ကလူစု စုကာပေါင်းကာ တပ်ဖွဲ့ကြသည်။ ထိုနောက် ကုလားဖြူကိုတိုက်ရန် တာစူကြသည်။ ပုန်ကန်ထောင်ထား ခြားနားရန် စိုင်းပြင်းကြသည်။ လူကြီးသူမတို့ကား သီပေါကို ပြန်၍ မျှော်ကြသည်။ သီပေါပြန်မလာတောင် ညောင်ရမ်း ကိုယ်တော်ကြီး ာ လိမ့်မည်ဟု အားတင်း သူက အားတင်းကြသည်။ လူငယ်တို့ကား ထုံးမန်းကိုယ်စီ၊ ဓားလွတ်ကိုယ်စီနှင့် ကုလားဖြူတပ်ကို တိုက်ရန် ထွက်ကြသည်။

ဤအရေးအခင်း ထဲတွင် ကိုရွှေဖြူ မပါနိုင်။ တောက်တခေါက် ခေါက်နှင့် ကြည့်နေရသည်။ သူသည် ဓားရေးလှံရေး တိုက်ရေးခိုက်ရေး ကျွမ်းကျင် သူမဟုတ်။ သူ့အကြောင်း သူသိသည်။ မင်းပါးစိုးခွင် မဝင်လိုသော် လည်း ရိုးရာမြို့သူကြီးအလုပ်ကို လုပ်ရသည့်အခါ မင်းရေးမင်းမှုတို့နှင့် မကင်းနိုင် အောင် ရှိခဲ့သည်မှန်၏။ မင်းရေးမင်းမှုနှင့် ဓားရေးလှံရေးကား သူ့အဖို့

တခြားစီဖြစ်သည်။ အရေးကြီးပြီမို့ သွေးစည်းချင်ပါ၏။ သို့သော် သူ့တွင် သားတစ်ကောင်နှင့် တိုးလိုးတွဲလောင်း ဖြစ်နေသည်။ ခေတ်ပျက်ကြီးတွင် သားတစ်ကောင်ကိုပိုက်ကာ ဟိုပြေးသည်လွှား လုပ်နေရသည်။ သူ လည်း အမျိုးထိသည့်အခါ မချိအောင်နာတတ်ပါသည်။ သို့ရာတွင် နာရုံသာ နာ တတ်သည်။ လက်စားမချေနိုင်။ သူ့ဘဝက လက်စားချေဖို့ အခြေအနေ မ ပေး။ သို့ငြားလည်း တတ်နိုင်သမျှကား သစ္စာမဖောက်ဘဲ အမျိုးသားများ ဘက်က ကူညီစောင်မခဲ့ပါသည်။ ကွမ်းရွာကျွဲတဲဖက်တွင် သူ့ဦးကြီးတစ် ယောက်သည် ကုလားဖြူမီးသဘော် ဆန်လာသည့်အခါ ထန်းလုံးတပ်နှင့် ခံ ကြောင်း သတင်းစကားကြားရသည်။ ထိုအခါ ကိုရွှေဖြူ အားတက်မိသည်။ ကြက်သီး မွေးညင်း ထလာအောင်ပင် စိတ်အားထက်သန်လာမိသည်။ သား ငယ် ဖေမောင်ကို မငြိမ်းရင်ခွင်၌ ထိုးထည့်ကာ ဦးကြီးတပ်သို့ ပြေးဝင် ချင် စိတ်ပင် ပေါ်မိသည်။ သို့သော်လည်း မငြိမ်း မျက်စိသငယ်နားသငယ် ကျန်ရစ်မည်ကို မြင်ယောင်လာသည်။ ထိုအဖြစ်ကို သူ မတွေးရဲ။ စိတ်အား ထက်သန်ရုံသာ သူ တတ်နိုင်သည်။ စိတ်သွားတိုင်း ကိုယ်မပါနိုင်ခဲ့။ မငြိမ်းနှ င့် သူ လက်ဆက်ခဲ့သည်မှာ မကြာသေး။ ဝဂပင် မချစ်ရသေး။ မငြိမ်းသည် သူ့ကို အားကိုးတကြီး ချစ်သည်။ မငြိမ်းကို သူ ပစ်၍မပြေးနိုင်။ ထို့ကြောင့် ပင် အမျိုးအတွက် အားတက်ရုံသာတက်ခဲ့သည်။ ထို့နောက် ဦးကြီးတို့၏ ပုန်ကန်ရေးသတင်းများကို ဆက်၍ ကြားရပြန်သည်။ အားတက်စရာ၊ အား ပျက်စရာတို့ ထွေးနေသည်။ အခြေအနေကလည်း တစ်စတစ်စ ရှုပ်ထွေး လာသည်ဟု ကိုရွှေဖြူ ထင်သည်။ ဦးစွာပထမ ကွမ်းရွာကျွဲတဲဖက်က ထန်း လုံးတပ် ပျက်သည့်သတင်းကို ကြားရသည်။ သီပေါကိုဖမ်းမည့် သူရိယ သဘော်နှင့် အခြားသဘော်များသည် မြစ်ကြီးရောကို ဆန်၍တက်လာ သည်။ ကျွဲတဲထန်းလုံးတွင် ကျွဲတဲမင်းဦးဆောင်ကာ တက်လာသည့်သဘော်

ကို အမြောက်နှင့်ပစ်ရန် စောင့်နေသည်။ ထန်းလုံးတပ်ပေါ်တွင် ဆီမန်း ထုံးမန်း အစီအရင်တို့နှင့် ရုတ်ရုတ်သဲသဲ ဖြစ်နေစဉ်မှာပင် သူရိယသင်္ဘော ဆီမှ ထန်းလုံးတပ်ဆီသို့ အမြောက်နှင့် လှမ်း၍ပစ်သည်။ ထိုအခါ တစ်ပွဲတိုး ထုံးမန်းဆီမန်း အဆောင်လက်ဖွဲ့ကိုယ်စီနှင့် ရင်ကော့ကာ ထန်းလုံးတပ် ထိပ်သို့ တက်၍ ရပ်ကြသည်။ 'ဟေး ပစ်လိုက်ကွ' ဟုလည်း အော်ကြသည်။ သင်္ဘောကို အမြောက်နှင့်ပစ်လိုက ပစ်ရန်လည်း စီစဉ်နေသည်။ ထိုအခါ သူရိယသင်္ဘောက ဒုတိယတစ်ချက် လှမ်းပစ်လိုက်သည်။ ထိုအမြောက်ဆန် သည် ထန်းလုံးတပ်ထက်တွင် မားမားလွင့်နေသော မြန်မာ့အလံတော်ထူ သည့် အလံတိုင်ကို ထိမှန်ကာ အလံတိုင် ထက်ပိုင်းကျိုး၍ ကျလေသည်။ ထိုအခါတွင်မှ တပ်သားများသည် ဝုန်းဝုန်းဒိုင်းဒိုင်းနှင့် ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ပြေးကြသည်ဟု ကြားရသည်။ ဤသတင်းကို ကို ရွှေဖြူကြားရသည့်အခါ စိတ်အားငယ်မိသည်။ စိတ်ဓာတ် ချောက်ချားလာ သည်။ သို့သော် မကြာပါ။ ဦးကြီး၏ တပ်က ဆပ်သွားရိုးတွင် ကုလား စစ်ပါရီ ဆယ်ယောက်ပါသော တပ်တစ်တပ်ကို ချေမှုန်းလိုက်သည်ဟု ကြား ရသည့် အခါ ကိုရွှေဖြူ အားတက်လာပြန်သည်။

သည်လိုနှင့် ကိုးနှစ်ဆယ်နှစ်နီးပါး ပေါင်းလောင်းဒေသတွင် ကျီးလန့်စာ စားဘဝ၌ ရပ်တည်ရာမရ ဆောက်တည်ရာမရ တထိတ်ထိတ် တလန့်လန့် နေထိုင် စားသောက်ခဲ့ကြရသည်။ တစ်ဝမ်းတစ်ခါး အတွက်ကား မပူရ သေးပါ။ အဖေသေ၍ မြို့သူကြီးအရာရသည့်အခါ ကိုရွှေဖြူလည်း သူ့အဖေ လိုပင် အကြီးစားမြေပေါ်၌ မှီတင်းနေထိုင်ခဲ့သည်။ ယခုကား ခေတ်ပျက်ပြီမို့ သူကြီးအရာသည် တည်တံ့နေသလား၊ အင်္ဂလိပ်မင်းတက်ပြီမို့ သူကြီးအရာ ကို လက်လွှတ် ရတော့မလား ဟူသော စိုးရိမ်ကြောင့်ကြစိတ် ဝင်လာသည်။ ကုလားဖြူနှင့်ကလည်း တိုက်ဆဲခိုက်ဆဲ။ ရပ်ရွာလည်း အခြေ တကျမရှိ

သေး။ ခေတ်ပြောင်းခေတ်လဲသည် ဘယ်မျှကြာလေမည် သူမသိ။ မျှော်လည်း မမျှော်မှန်းနိုင်။ ထိုအခါ သူတို့မောင်နှံသည် မြေယာကိုပို၍ ခင်တွယ်လာသည်။ မြေရှိ၍သာ ငါတို့ စားရသောက်ရပါလား ဟူသော အသိ သည်ခိုင်မာသည်ထက် ခိုင်မာလာသည်။ သူတို့တွင် အကြီးစားမြေအပြင်ဓားမဦးချမြေလည်း ရှိသေးသည်။ ယင်းကား ဘိုးဘပိုင်ဖြစ်သည်။ သူကြီးအရာကကျ၍ အကြီးစားမြေကို လက်လွှတ်ရစေဦး၊ ဓားမဦးချမြေ၌လုပ်ကိုင် စားသောက်နိုင်သည်။ ထိုဘိုးဘပိုင် မြေကလေးကြောင့်သာ ကိုရွှေဖြူ စိတ် သက်သာရာရတော့သည်။ ထိုအဖြစ်မျိုးနှင့် ကြုံသည့်အခါသားစဉ်မြေးဆက် ဘိုးဘပိုင်မြေကို မထုခွဲရန် မှာကြားခဲ့ရမည်ဟု ကိုရွှေဖြူနှလုံးပိုက်မိသည်။

ခေတ်ပျက်ကြီးတွင် ပေါင်းလောင်းဒေသတစ်ဝိုက်၌ တောကြောင်များသောင်းကျန်း လိုက်သေးသည်။ တောမီးလောင် တောကြောင် လက်ခမောင်း ခတ်ရိုးပင်။ ပေါင်းလောင်းသို့ အရပ်တစ်ပါးမှ ဆွေရိပ်မျိုးရိပ် မှီခိုရန်ပြေးလာသူတို့လည်းရှိသည်။ သူတို့၏အထုပ်အထည်ကို တောကြောင်များက မျက်စောင်းထိုးကြသည်။ လုယက်ကြသည်။ ကိုရွှေဖြူတို့မိသားစုကားဘေးမသီ ရန်မခခဲ့ပါ။ ပြေးရင်းလွှားရင်း တထိတ်ထိတ် တလန့်လန့်နှင့်ပင်သမီးငယ် မငယ်ကို မွေးခဲ့သည်။ သမီးငယ် မွေးပြီးသည့်အခါ အနည်းငယ်ခြေခင်းလက်ခင်း သာသလိုရှိခဲ့သည်။ အရဲစွန့်သူတို့သည် ပေါင်းလောင်းမှ ဧရာမြစ်ရိုးသို့ ကူးသန်းသွားလာကြကုန်သည်။ ပခုက္ကူ၊ မြင်းခြံ၊ ညောင်ဦး အရပ်များသို့ သွားလာကာ ရောင်းဝယ်ဖောက်ကားကြသည်။ ထိုမှတစ်ဖန် မြစ်ကြီးဧရာကို စုန်ကာ မြန်အောင်၊ ကြံခင်း၊ အောက်ပြည် အောက်ရွာများသို့ ကူးသန်းသွားလာ ကြပြန်သည်။ လှေနှင့်တက်သည် တစ်စတစ်စပို၍ အရေး ပါသည်။ ယခင်က ဘိုးဘေးဘီဘင်တစ်လျှောက်လုံး

ဆန်ရေစပါးကို ကိုးခရိုင် ကိုသာ အားကိုးခဲ့ကြသည်။ ပေါင်းလောင်း၌ ရေသွင်း လယ်စိုက်ခဲ့သည် မှန်၏။ သို့ရာတွင် မဖြစ်ထွန်း။ သို့ဖြစ်ရာ ကိုးခရိုင်စပါးကျီသည်သာ ပေါင်းလောင်းဒေသ၏ အသက်သခင် ဖြစ်ခဲ့သည်။ ယခုကား စကုပြတ်သည် လည်းကောင်း၊ မြန်အောင်၊ ကြံခင်းဒေသထွက်ကောက်ကြီးစပါးသည် လည်းကောင်း ပေါင်းလောင်းသို့ ကူးသန်းစပြုလာသည်။ ညောင်တုန်းဘက်

က ငံပြာရည်နှင့်ငါးပိသည်လည်း အများအစားမဟုတ်သည့်တိုင် ပေါင်းလောင်းဒေသသို့ အနည်းအကျဉ်း ရောက်လာသည်။

လှေနှင့်တက်နှင့်လုပ်သူတို့ မြတ်စွန်းကြသည် မဟုတ်စေကာမူ ငါးပိကောင်းကောင်း၊ ငံပြာရည်ကောင်းကောင်း၊ ဆန်ကောင်းကောင်း စားရသည်ကို ကိုရွှေဖြူ မြင်တွေ့လာသည်။ သူလည်း တစ်စခန်း လှမ်းချင် လာပြီ။ ရိုးရာသူကြီးအလုပ်သည် သေချာရေရာလှသည့် အလုပ်မဟုတ်။ မင်းပြောင်းမင်းလဲတွင် အရာကျနိုင်သည်။ အထင်အမြင် လွဲစရာရှိလျှင် အလွဲ ခံရနိုင်သည်။ မင်းပြောင်းမင်းလဲတွင် နောက်တက်လာသည့် မင်းကို ကပ်ပါးရပ်ပါးလုပ်ကာ အတို့အတိုက် အတွန်းအလှဲ လုပ်ကြသည်ကို သူတွေ့ဖူး ကြုံဖူးကြားဖူး မြင်ဖူးလှပြီ။ လက်ထက်တော်ကြီးနှင့် လက်ထက်တော်ကလေး အကူးအပြောင်းမှာပင် မဟာဆီမဟာသွေးတို့ မြေကျခဲ့ရသည်။ ဆင်းရဲသားတောင်သူလယ်လုပ်တို့၏ အသက်တစ်ချောင်းကား ဘာမျှ ဖြစ်လောက်သည်မဟုတ်။ ထို့ကြောင့် ကိုရွှေဖြူသည် လှေသူကြီး ရောင်းရင်းတစ်ယောက်နှင့် တိုင်ပင်ကာ ကူးသန်း သွားလာရန် အစပျိုးလေသည်။

သို့နှင့် တဖြည်းဖြည်း ခေတ်ကောင်းစ ပြုလာသည်။ ပေါင်း လောင်းသို့လည်း နောက်တက်လာသည့် အင်္ဂလိပ်မင်း၏ အုပ်ချုပ်ရေး ရောက်လာသည်။ ကိုရွှေဖြူကား အရာမကျပါ။ မြို့သူကြီးရာထူးကိုပင် ဆက်ခံရ

ပါသည်။သည့်အတွက် ကိုရွှေဖြူ ဝမ်းသာမိသေးသည်။ ဝမ်းသာ သည်မှာ အရာမကျသောကြောင့်မဟုတ်။ အတိုက်အခိုက် အတို့အတွန်း မခံရသော ကြောင့်ပင် ဖြစ်သည်။ သူ့ကုသိုလ်ပေပဲဟု ကိုရွှေဖြူ အောက်မေ့ မိသည်။ သူ့ အစီးအပွားလည်း မပျက်စီး။

ပေါင်းလောင်းမြို့သည် ခေတ်သစ်နှင့်အတူ လူးလွန့်၍ ထလာ သည်။ မင်း ပြောင်းမင်းလဲတွင် တိုင်းစွန်ပြည်နား ဖြစ်သည့် ပေါင်းလောင်း မြို့လေးသို့ ပြေးဝင်လာကြသူတို့နှင့်အတူ အိမ်ခြေ တိုးပွားစည်ပင် လာသည်။ မြို့သည် လည်း ပို၍ ကြီးလာ ကျယ်လာသည်။ လှေကြီးလှေငယ် အသွယ် သွယ်တို့ ဝင်ထွက်သွားလာကြသည်။ ပေါင်းလောင်းမြစ်ရိုးတွင် ကြံခင်းဆိပ်၊ မြန် အောင်ဆိပ်၊ ညောင်တုန်းဆိပ်ဟူသော ရပ်ကွက်သစ်တို့ပင်ပေါ်လာသည်။ အုပ်ချုပ်ရေး အသစ်ကလည်း ရောက်လာ၊ မြို့ကလည်း ကြီးလာ ကျယ်လာ၊ လူနေကလည်း ထူထပ်လာသည်တွင် ပေါင်းလောင်းသည် ရွာကြီးအဆင့်မှ မြို့အဆင့်သို့ အုပ်ချုပ်ရေးအရပါ ကူးပြောင်းသွားသည်။ ယခုမူ မြို့အုပ်သစ် သည် ပေါင်းလောင်းမြို့ကို အုပ်ချုပ်လေပြီ။ ပေါင်းလောင်းသည် အနည်းငယ် မျက်စိဖွင့်ကြည့်သည်။

ကိုရွှေဖြူကား အင်္ဂလိပ်ကိုယ်စားလှယ် မြို့အုပ်သစ်နှင့် ဆက်ဆံရသည်။ ထိုအခါ သူ၏အရာသည် မှေးမှိန်သယောင် ရှိလာသည်။ နောက်ရောက်လာ သည့် မြို့အုပ်သည် မန္တလေးသား ဖြစ်သည်။ ဆရာမတ်၏ သံတဲ ကျောင်း ထွက်ဟု ဆိုသည်။ ကုလားဖြူအဝင်တွင် ကုလားဖြူစာတတ်မို့ ကြီးပွား လာ သူဖြစ်သည်။ သူသည် မြန်မာ့ဦးစွန်း မြေသို့ကျသည်ကို အရေးထားပုံ မရှိ။ နောက်တက်လာသည့် အင်္ဂလိပ်မင်း၏ ဘုန်းကျက်သရေ တရှိန်ရှိန် တညီး ညီး ထွန်းပြောင်ဖို့သာ အရေးထားသူ ဖြစ်ဟန်တူသည်။ ခေတ်က ပြောင်း နေပြီမဟုတ်လား။ ခေတ်စာဖြစ်သော ကုလားဖြူ စာသည် လူရာဝင် လာပြီ

မဟုတ်လား။

'ရှင်ငြိမ်းရေ မြင်ရဲ့လား၊ မြို့အုပ်မင်းသစ် မောင်မောင်ကြီး။ ကုလားဖြူစာ တတ်ကွဲ့'

'အဲဒါ ဘာဖြစ်သလဲတော့'

'လူရာဝင်တာပေါ့ကွဲ့။ အရင် ငါက မြို့သူကြီး။ ရိုးရာသူကြီး။ ငါ့မှာ ရာထူး ဌာန္တရ တိုးမယ်ဆိုရင် မြို့ဝန်တာဖြစ်ဖို့ ရှိမပေါ့ကွဲ့။ အခု သူ့ လက်အောက်က ဘုရားထူး'

'ပေါင်းလောင်းမှာ ဘယ်ကမြို့ဝန်ဖြစ်နိုင်ပါ့မလဲ ကိုရင်ရယ်'

'နားဝေးရန်ကော မယ်ငြိမ်းရယ်။ ပေါင်းလောင်းဟာ ခုလို စည်ကား

လာပြီး ခေတ်သာမပျက်ရင် ငါ မြို့ဝန်ပေါ့ကွဲ့'

'အင်း ဟုတ်ပြီ ဟုတ်ပြီ။ သူက မြို့အုပ်မင်း။ ရှင်က မြို့ဝန်၊ ဘယ်သူက ကြီး မလဲတော်ရဲ့'

'အယ် ဒီမိန်းမ ဘာမှ နားမလည်ဘူး။ ဘာမှ မရေလည်ဘူး။ ခေတ်မပျက် ရင်လို့ ငါ ပြောပကော။ အင်္ဂလိပ်မင်း မတက်ရင်ပေါ့ဟာ'

'သိပါဘူး တော်ရယ်။ ကျုပ်က မြို့ဝန်ဖြစ်ချင်းဖြစ် ပေါင်းလောင်းမှာ တော့ မဖြစ်ချင်ဘူးတော်ရဲ့။ ပခန်းလိုဆို တော်သေး။ ပခန်း ဆိုသဟာကမှ မြို့ဝန် အုပ်စိုးတာမဟုတ်လား တော်ရဲ့'

'တော် တော် ရှင်ငြိမ်း။ ညည်းဘာမှ မပြောနဲ့တော့။ ငါ ပြောတာ သာ နားထောင်'

မငြိမ်းသည် ကိုရွှေဖြူပြောသမျှကို နားထောင် ခေါင်းညိတ်ရသည်။ သူ ကား ဘာမျှမတတ်။ သူ့အလုပ်ကား ထမင်းချက်ဖို့။ ဖေမောင်နှင့် မငယ်ကို ကြည့်ရှုစောင့်ရှောက်ဖို့။ သူ့လောကသည် ကျဉ်းကျဉ်းကလေးမျှသာ ဖြစ်

သည်။ မန်းအပျက် စန်းလင်္ဂမိုန်ချိန်၌ သူကြီးကတော် ဖြစ်လိုက်ရသဖြင့် ကတော်ဆယ်ပါး တစ်ပါးအပါအဝင် ဖြစ်ငြားလည်း ကြီးကျယ်ချိန်မရလိုက်။ အထုပ်ကို လက်တစ်ဖက်ကဆွဲ သားကိုရင်ခွင်ပိုက်ကာ ပြေးရလွှားရသည်နှင့် ပင် အချိန် ကုန်လိုက်ရသည်။ သူကြီးကတော်မို့ တောကြောင်ကရန်မူမည်

လည်း ကြောက်ခဲ့ရသည်။ ကုလားဖြူစစ်ပါရီတို့၏ရန်ကိုလည်း ကြောက်ခဲ့ရ သည်။ သူပုန်တပ်၏ရန်ကိုလည်း ကြောက်ခဲ့ရသည်။ စိမ်းဆတ်ဆတ်နိုင်လှ သော သူကြီးကတော်ဘဝပါ တကားဟု တစ်ခါတစ်ရံ အောင့်သက်သက် ဖြစ်ပါသေးသည်။

'အခု ဖေမောင် ဘုန်းကြီးကျောင်းထားတယ် မဟုတ်လား။ အေး နုတ်လိုက်တော့'

'ဘာလုပ်မလို့၊ ယာခုတ်ခိုင်းမလို့လား'

'ငါ ပြောတာနားထောင်လို့ ပြောနေတယ် မယ်ငြိမ်းရယ်'

'ပြောပါတော်၊ ပြောပါ'

'တို့ဆီမှာ မက်သောဒစ်ကျောင်းဆိုတာ ဖွင့်လိမ့်မယ်။ သူတို့ ဘုရားရှိခိုးကျောင်းဖွင့်ဖို့လဲ သူတို့ဘုန်းကြီးရောက်နေပြီ။ မက်သောဒစ်ကျောင်း မှာ ကုလားဖြူစာသင်မယ်။ ကုလားဖြူစာက ခေတ်စာကွ။ နောင် ကုလားဖြူစာတတ်မှ အရာဝင်မယ်။ ဒါမှ ဖြစ်မှာ။ ဒါမှ မင်းရဲ့သား ဖေမောင်'

အင်္ဂလိပ်အစိုးရနှင့်အတူ အင်္ဂလိပ်စာသင်ကျောင်းများ မြို့အသီးသီး သို့ရောက်လာကြသည်။ ဦးစွာပထမ အမေရိကန်သာသနာပြုဆရာ ယုဒသန်သည် အောက်မြန်မာပြည်၌ ခြေချသည်။ ယုဒသန်ရောက်သည့် အချိန်ကား ဝေးလှသေးသည်။ ထိုခေတ်ကပင် အနောက်တိုင်း၏ ယဉ်ကျေးမှု သည်

အရှေ့တစ်လွှားတွင် စတင်ခြေကုပ်ယူရန် ကြိုးပမ်းခဲ့သည်။ အနောက် ၏ အမြင်၌ အရှေ့တစ်လွှား ဆိုသည်မှာ အရိုင်းအစိုင်းတို့ဒေသ။ ဘုရားမရှိ တရားမရှိ လူသားစား လူရိုင်းတို့၏ ဒေသနီးပါး အထင်ရောက်ခဲ့သည်။

'အစဦးက ဘာဆိုဘာမျှမရှိ။ ဤကမ္ဘာမြေကြီးသည်လည်း မရှိ။ ဘုရားသခင်၏ အလိုတော်အတိုင်းသာ ဤကမ္ဘာကြီးသည် ဖြစ်လာရသည်။ ဘုရားသခင်ဖန်ဆင်း၍သာ ဤကမ္ဘာကြီး ဖြစ်လာရသည်။ ထိုနောက် အာဒန် နှင့် ဧဝ။ ထို့နောက် ငါတို့ လူသားများ'။ ။ ဤအယူဝါဒကို သွတ်သွင်းရန် သာသနာပြုတို့သည် အရှေ့တစ်လွှားသို့ ရောက်လာသည်။ သူတို့က ကျောင်းထောင်သည်။ ဘုရားရှိခိုးကျောင်းဆောက်သည်။ ဘုရားသခင်၏ အလိုတော်ကို ပြောဟော ညွှန်ပြသည်။ သူတို့ထောင်သည့် ကုလားဖြူ စာသင်ကျောင်းသို့ သျှောင်ထုံးရှင် မြန်မာကလေးတစ်စု တက်ကြသည်။ သူတို့၏ ဘုရားရှိခိုးကျောင်းသို့ လုံချည်ဝတ် မြန်မာလေးတစ်သိုက် တက်ကြသည်။ ခေတ်သစ်၏ အလိုကို ခေတ်သစ်၏ သားသမီးများ လိုက်ပါကြ ရကုန်သည်။ နှစ်သက်သည် ဖြစ်စေ၊ မနှစ်သက်သည် ဖြစ်စေ၊ လက်ခံသည် ဖြစ်စေ၊ လက်မခံသည် ဖြစ်စေ ခေတ်သစ်၏အလိုသို့ တကောက်ကောက်ပါအောင် လိုက်လျှောက်စ ပြုနေလေပြီ။

မြို့အုပ်မင်းသည် သူ့သား မောင်မောင်ခင်နှင့် မောင်မောင်တင်တို့ ကို မန်းနေပြည်တော်၌ ကျောင်းထားသည်။ ကုလားဖြူ စာတတ် ပေတတ် မောင်မောင်ခင်နှင့် မောင်မောင်တင်တို့သည် နောင်သောအခါ သူ့ထက်ပင် ကြီးပွားလိမ့်မည်ဟု မြို့အုပ်မင်း မျှော်လင့်သည်။

'တွေ့လား မယ်ငြိမ်း'

'အင်း၊ ဟုတ်ပ့ါ။ ကုလားဖြူစာတတ်မှ လူရာဝင်မယ်ဆိုရင်လဲ ကျုပ်တို့သားလေးကို ဘုန်းကြီးကျောင်းကနုတ်ပြီး ကုလားဖြူကျောင်း ထား ရတာ

ပေ့ါ တော်ရယ်’

‘အေး၊ အဲဒါတတ်မှ လူရာဝင်တော့မှာပဲ’

ကျောင်းနှင့် ရုံးနှင့် ဂါတ်နှင့် ပေါင်းလောင်းမြို့သည် စည်ပင်စပြုလာ

သည်။ ရုံးနှင့် ဂါတ်သည် အုပ်ချုပ်ရေးအသစ်၏ အာဏာ ဩဇာ ထိန်းရာ ချုပ်ရာ ဒေသများ ဖြစ်သည်။ ယခင်က ရပ်ရွာတွင် တရားတဘောင်ဖြစ်လျှင် မြို့သူကြီးမင်း ဦးရွှေဖြူက ထိုအမှုကို စီရင်သည်။ ယခုကား မြို့အုပ်တော်မင်း ဦးမောင်မောင်ကြီးက စီရင်လေသည်။ ယခင်က ဆိုးသွမ်းသောင်းကျန်းသူတို့

ကို မြို့သူကြီးမင်း ဦးရွှေဖြူက ထိတ်တုံးခတ်ကာ ထိန်းသိမ်းသည်။ ယခုမူ ဌာနာအုပ်မင်း ဦးကျော်က ဂါတ်တဲ၌ ချုပ်ထားလိုက်သည်။

ကိုရွှေဖြူသည် ဆန်းလာသည့်ခေတ်သစ်တွင် ရပ်တည်ရာကို ရှာသည်။ ရပ်တည်ရာတစ်ခုကို သားတွင် သွား၍တွေ့သည်။ ဆန်းလာသည့်ခေတ်သစ်တွင် သူ့သား တက်လူ ဖေမောင်ကို အညွှန့်တလူလူနှင့် သူ မြင်နေသည်။ သူကား ခေတ်သစ်တွင် အမှုမထမ်းလိုတော့ပြီ။ မေး၍မှိန်၍ လာသော သူ့အာဏာစက်က သူ့ကိုပြန်၍ ခြောက်လှန့်လာသည်။ သူသည် မြို့အုပ်တော်မင်း မောင်မောင်ကြီးအောက်၌ လူရာမဝင်ဖြစ်နေသည်။ အခွန်အတုတ် ကောက်ခံပေးရသူ သာသာမျှသာ ဖြစ်နေသည်။ ထို့ကြောင့် သူလည်း တောင်ယာလယ်လုပ်နှင့် မကြီးပွားနိုင်လျှင် လေှနှင့်တက်နှင့် ကြီးပွားအောင် ကြိုးစားမည်။ သားဖေမောင်ကိုလည်း ကုလားဖြူစာကို သင်စေမည်။ ပြီးလျှင် သူ့သားဖေမောင်သည် မြို့အုပ်တော်မင်း ဖြစ်လာလိမ့်မည်။ ပေါင်းလောင်းမြို့ကိုပင် မြို့အုပ်တော်မင်း ဦးဖေမောင်က နောင်အခါ အုပ်ချုပ်လိမ့်မည်။ သူကား ဝင်းနှင့်ခြံနှင့် တိုက်နှင့်တာနှင့် မြို့အုပ်တော်မင်း ဦးဖေမောင်၏အဖေ မြို့သူကြီးရိုး ဦးရွှေဖြူ၊ ယခု လေှသူကြီးမင်း ပွဲစားကြီး

ဦးရွှေဖြူ။ ခံ့ညားထည်ဝါပေစွ။ စိတ်ကူးကောင်းလေစွ။ အိပ်မက်မက်ကောင်းလေစွ။

***

(၃)

ဖေမောင်သည် သူ့အဖေအလိုကျ ကုလားဖြူစာသင်လျက် ရှိနေပြီ။ ဖေမောင်သည် အများသူငါနှင့်အတူ အင်္ဂလိပ်စာကိုသင်သည်။ ပေါင်းလောင်းတစ်မြို့လုံး နောက်အသစ်ဖွင့်သော မက်သောဒစ်ကျောင်း၏ အကဲကိုခတ်လျက် ရှိနေကြသည်။ ဦးရွှေဖြူကား အကျေနပ်ကြီး ကျေနပ်လျက် ရှိသည်။

ဖေမောင်တို့သည် ပုဆိုးကွင်းသိုင်းလျက် ဘုန်းကြီးကျောင်းကို တက်ခဲ့သည်။ မက်သောဒစ်ကျောင်းသို့ ရောက်သည့်အခါ ပုဆိုးကွင်းသိုင်း ပြုတ်သွားသည်။ မက်သောဒစ်ကျောင်း ရောက်သည့်အချိန်တွင် ဖေမောင်၏ အသက်သည် ဆယ်နှစ်ရှိနေပြီ။ ဘုန်းကြီးက ဖေမောင် ဉာဏ်ထက်သည်ဟု ဆိုကာ သူ့ကျောင်းမှမနုတ်စေချင်။ စာတတ်ပေတတ် ဖြစ်စေချင်သည်။ ကျမ်းဂန်တတ် ဖြစ်စေချင်သည်။ ဘုန်းတော်ကြီး၏အလိုနှင့် ဦးရွှေဖြူ၏အလိုသည် ဆန့်ကျင်နေသည်။ စာတတ်ပေတတ် ကျမ်းဂန်တတ်လျှင် ဘုန်းကြီးပဲ ဖြစ်မည်။ မြို့အုပ်တော်မင်း ဖြစ်မည်မဟုတ်။ သူ့သားကို သူဖြစ်စေချင်သည်မှာ မြို့အုပ်တော်မင်း၊ ဝန်ထောက်တော်မင်း။ စာသံပေသံနှင့် အဌကထာ ဋီကာတွေ ရွတ်ဖတ်နေစေချင်သည်မဟုတ်။ ရွှတ်ရှက် ဒွတ်ဒက်ပြောသော မြို့အုပ် တော်မင်း ဖြစ်စေချင်သည်သာ ယခုအခိုက်အတန့်အားဖြင့် သူ၏အာသီသ။

အရပ်ကမူ မက်သောဒစ်ကျောင်း ဘာလုပ်သလဲကို အကဲခတ်နေ ကြသည်။ ကိုရွှေဖြူနှယ် ပူနိုင်ရန်ကော။ သူ့ကိုယ်တိုင်တုန်းကတော့ နေပြည်တော်မှာ မခစား။ တိုင်းစွန်ပြည်နားမှာပဲ ရောင့်ရဲတင်းတိမ် နေပြီး

တော့ အခုမှ ဘာစိတ်ကူးပေါက်သည်မသိ။ သားဖေမောင်ကို ဘုန်းကြီးကျောင်းက နုတ်၊ မက်သောဒစ်ကျောင်း ထားရသတဲ့ဟု ပြောကြဆိုကြသည်။ သူ့တွင် အကြီးစားမြေလည်း ရှိသည်။ ထိုမြေသည် ယခု အင်္ဂလိပ်မင်း တက်လာသည့်တိုင် မရုပ်သိမ်း။ သူပင် စားနေရသည်။ ယခု သူကြီးစား မြေဖြစ်လာပြီး ဓားမဦးချ ဘိုးဘပိုင်မြေတွေလည်း ရှိသေးသည်။ သည်မြေတွေနဲ့ လုပ်ကိုင် စားသောက်မည်ဆိုလျှင်ပင် သူတို့အိမ်ထောင် ပူစရာမရှိ။ ကြည့်နေပါ၊ သူ့သား မဦးမချွတ်တွေ ဖြစ်ကုန်တော့မှာပဲ။ မက်သောဒစ်စာသင်ကျောင်း ကနေ မက်သောဒစ် ဘုရားရှိခိုးကျောင်း ရောက်သွားမယ်။ ပြီးတော့ ဘုရားသခင်က ဤမြေကြီးကို ဖန်ဆင်းတော်မူတယ်ဆိုတဲ့စကား ပြောလာတော့မယ်။ နောက် လုံချည်ချွတ်ပြီး ဘောင်းဘီဝတ်လာတော့မယ်။ လူရှေ့သူရှေ့မရှောင် သားရေဖိနပ်ကြီး တခွပ်ခွပ် စီးတော့မယ်။ ဘုရားတရားမှန်းမသိ ဖြစ်တော့မယ်။ ဒိဋ္ဌိ ဖြစ်တော့မယ်။

မက်သောဒစ်ကျောင်းတွင် ပေါင်းလောင်း တစ်မြို့လုံးတွင်မှ ကျောင်းသား ဆယ်ယောက်ခန့်သာ ရှိသည်။ ကျောင်းဖွင့်ပြီး မကြာမီမှာပင် မြို့အုပ်တော်မင်း ဦးမောင်မောင်ကြီး သည် သူ့ဇနီးနှင့် သူ့သားနှစ်ယောက်ကို ပေါင်းလောင်းသို့ ခေါ်ယူလိုက်ကာ မက်သောဒစ် ကျောင်းသားများကို အပ်လိုက်လေသည်။ သူတို့တစ်တွေကား ပေါင်းလောင်းမြို့တွင် ထူးခြားသော လူငယ်လေးများ ဖြစ်နေသည်။ မြို့အုပ်တော်မင်း ဦးမောင်မောင်ကြီးက သူ့သားနှစ်ယောက်ကို မက်သောဒစ် ကျောင်း၌ အပ်နှံသည်ကို မြို့က နားလည်နိုင်ကြသည်။ သူကြီးမင်းဦးရွှေဖြူက သူ့သားဖေမောင်ကို ဘုန်းကြီး ကျောင်းမှနုတ်ကာ မက်သောဒစ်သို့ အပ်နှံသည်ကို နားမလည်နိုင်ကြပါ။

‘ဟဲ့ မယ်ငြိမ်း၊ နင့်ယောက်ျား ဘာစိတ်ကူးတွေ ပေါက်နေသလဲ’

မငြိမ်း၏ဆွေမျိုးများက ဦးရွှေဖြူကို နားမလည်နိုင်ကြသည့်အခါ မငြိမ်း

ထံသွား၍ စောဒနာကြသည်။

'သူ့သား ကုလားဖြူစာတတ်တော့ မြို့အုပ်၊ ဝန်ထောက်ဖြစ်မှာတဲ့ တော့။ ကျုပ်တော့ ဒါပဲ ပြောတတ်တယ်။ အခုကြည့်တဲ့၊ သူ့အပေါ်မှာ ကုလားဖြူစာတတ်တဲ့ မြို့အုပ်တော်မင်း ဦးမောင်မောင်ကြီး ရောက်လာသတဲ့။ အဲဒါ သူ အရောင်မှိန်သွားရ ဆိုတာပဲ။ ကျုပ်ကိုပြောတာတော့ ဒါပဲ'

'ဒါနဲ့ ညည်းက သဘောတူလိုက်ရောလား'

'ဒါနဲ့ နင်က သဘောတူလိုက်ရောလား'

'ဒါနဲ့ ငါ့တူမက သဘောတူလိုက်ရောလား'

'ညည်းတို့သား ကုလားဖြူစာမတတ်ပေမဲ့ ထမင်းငတ်မသေပါဘူးအေ။ ညည်းတို့ ဘာပူရသလဲ၊ ဓားမဦးချမြေရှိတယ်။ သူကြီးစားမြေလည်း ရှိသေးတယ်။ ညည်းတို့ဘာလိုသလဲ။ ဖေမောင်ရော ဘာလိုသလဲ။ သူလည်း ဒီရပ်ဒီရွာမှာပဲ လူလုပ်မယ့်ဟာ။ ဒီရပ်ဒီရွာက သင့်တင့်တဲ့သူနဲ့ အိမ်ထောင်ချ။ ဒီရပ်ဒီရွာမှာပဲ ရောင်းဝယ်ဖောက်ကားလုပ်။ ပွဲရုံထောင်ချင်သပ ဆိုရင် ထောင်။ ဒါက ခေတ်အလျောက် ပြောရတာပါ အေရယ်။ အဲဒါမှမဟုတ် ရိုးရာပဲ သူကြီး ဆက်လုပ်။ ပြီးတော့ လယ်ယာလုပ်။ ဒါပဲ မဟုတ်လား'

မငြိမ်းဆွေမျိုးများက ဦးရွှေဖြူအား ဒီကောင်တော်တော်ရှုည်တယ်

ဟု သဘောထားကြသည်။ ရိုးရိုးကုပ်ကုပ်နဲ့မို့ တို့သမီး တို့တူမ ဒီကောင် နဲ့ ပေးစားတာ။ ရိုးတာတော့ ကောင်းပါရဲ့။ ကြောက်တတ်လိုက်တာက လွန်ရော။ သူများတွေ ကုလားဖြူကို တိုက်နေကြတုန်းကလည်း ဒီကောင် သားချီ၊ မယား ဆွဲပြီး တောထဲထွက်ပြေးနေတယ်။ အခု ကုလားဖြူတက်လာတော့ သူကြီးအရာလေး မပြုတ်တာနဲ့ အဟုတ်မှတ်ပြီး သားကို ကုလားဖြူစာသင်ရသလေး ဘာလေးနဲ့။

သူတို့သည် ကိုရွှေဖြူ မငြိမ်းတို့အပေါ် မေတ္တာထားကြသူများဖြစ် သည်။ ထို့အတူ သားလေး မောင်ဖေမောင်ကိုလည်း ချစ်ကြသူများဖြစ်သည်။ သို့ရာတွင် ကိုရွှေဖြူက ရိုးရာကိုစွန့်ကာ သားအား ကုလားဖြူစာသင်စေသည် ဆိုသောအခါ သူတို့စိတ်ထဲတွင် ကိန်းအောင်းနေသော ကုလားဖြူဆန့်ကျင် ရေး၊ အင်္ဂလိပ်ဆန့်ကျင်ရေးစိတ်ဓာတ်သည် ဝုန်းခနဲ ထလာကာ ပေါက်ကွဲ ထွက်လာပြီး မငြိမ်းဆီသွား၍ ကန့်ကွက်ပြောဆိုခြင်းဖြစ်သည်။ မငြိမ်းကား လင်နှင့် ဆွေမျိုးများ ကြားတွင် မလှုပ်သာမရှားသာ ဖြစ်နေသည်။ သူလည်း ဘာမှမသိ။ မသိသည့်အတူတူ လင်စီမံသမျှ ကောင်းမှာပါပဲလေ ဟု သဘောထားကာ မျက်စိမှိတ်၍ နေလိုက်သည်။

အင်္ဂလိပ်ဆန့်ကျင်ရေး၊ နိုင်ငံခြားသား ဆန့်ကျင်ရေး အားလုံး အတူတူပင်ဖြစ်သည်။ လက်နက်စွဲကိုင်ကာ ကုလားဖြူတပ်တို့ကို တိုက်ခဲ့သော အရှိန်သည် မသေသေး။ အားမတန်၍သာ မာန်လျှော့ခဲ့ကြရသည်။ ကုလားဖြူနှင့် စပ်ဆိုင်သမျှအားလုံး ဆန့်ကျင်မည်သာတည်း။

ခေတ်ပြောင်းနေသည်။ ပြောင်းနေသည့် ခေတ်သဘောကို သူတို့ နားမလည်ကြ။ သူတို့ကိုလည်း အပြစ်မဆိုသာ။ မန်းရွှေမြို့တော်ရှိ မှူးကြီး မတ်ရာတို့သည်ပင် ပြောင်းနေသည့် ခေတ်သဘောကို နားမလည်ကြ။ နားလည်သူ တစ်ဦးနှစ်ဦးသာရှိသည်။ မြန်မာတို့သည် ချင်းတွင်းနှင့် ဧရာမြစ်ဆုံအထက်နားက မန္တလေးမြို့တော်တွင် ချောင်ပိတ်နေ၍မဖြစ်။ ကမ္ဘာနှင့် တစ်နည်းမဟုတ်တစ်နည်း ဆက်ဆံရတော့မည်။ ကိုယ်က မဆက်ဆံချင် ငြားလည်း သူတို့က အတင်းလာ၍ ဆက်ဆံလိမ့်မည်။ မြန်မာပြည်သည် သယံဇာတပေါကြွယ်သည့် တိုင်းပြည်ဖြစ်သည်။ ကုန်ကြမ်းရှာလိုသူတို့ မျက်စောင်းအထိုးခံရသည့် တိုင်းပြည်တစ်ပြည်ဖြစ်သည်။ အနောက်ကား စက်မှုတော်လှန်ရေး အရှိန်ရနေပြီဖြစ်၍ သူတို့ စက်မှုလုပ်ငန်းအတွက်

ကုန်ကြမ်းရနိုင်မည့် နိုင်ငံကလေးများကို သိမ်းပိုက်ချင်နေသည်။ အနုနည်းနှင့် သိမ်းပိုက်ရသည်ဖြစ်စေ၊ အကြမ်းနည်းနှင့် သိမ်းပိုက်ရသည်ဖြစ်စေ သိမ်းပိုက်မည်သာ ဖြစ်သည်။ သို့တည်းမဟုတ် ကုန်သွယ်ခွင့်ကို အတင်းအကျပ် တောင်းဆိုမည်ဖြစ်သည်။ ဤသဘောကို ဦးကောင်းတို့ နားလည်သည်။ ဦးဘိုးလှိုင်တို့ နားလည်သည်။ ဤသည်မှာ ပြောင်းနေသော ခေတ်၏ သဘောအခြေခံဖြစ်သည်။

သီပေါလက်ထက်အထိ မြန်မာနိုင်ငံသည် ဝမ်းစာ စိုက်ပျိုးရေးအဆင့်၌သာ တန့်နေသည်။ အမြတ်အစွန်းအတွက် အကြီးအကျယ် စိုက်ပျိုးထုတ်လုပ်သည့် စိုက်ပျိုးရေးစနစ်မျိုးမဟုတ်။ အင်္ဂလိပ်သိမ်းပိုက်ပြီးသော အောက်မြန်မာနိုင်ငံ၌ကား ဝမ်းစာစိုက်ပျိုးရေးမှသည် ရောင်းဝယ်ဖောက်ကားသည့် စိုက်ပျိုးရေးစနစ်ဆီသို့ တစ်စတစ်စ ကူးပြောင်းနေသည်။ ဝမ်းစာစိုက်ပျိုးရေးတွင် တင်းတိမ်ရောင့်ရဲနေသူတို့သည် ဘာကိုမျှမပူ။ ပူပင်စရာလည်း မရှိ။ သူတို့၏အလိုဆန္ဒသည် နည်းသည်။ သူတို့၏ စိုက်ပျိုးရေးအမြင် ကျဉ်းမြောင်းသည်နှင့်အမျှ သူတို့၏လူနေမှုသည်လည်း ကျဉ်းမြောင်းလာသည်။ ဤသို့ဖြစ်ရာ မင်းငြိမ်း၏ ဆွေမျိုးတစ်သိုက်အဖို့ ပူပင်စရာ မရှိသည်မှာ အပြစ်မဆိုသာ။

ကိုရွှေဖြူသည် ပြောင်းနေသော ခေတ်၏သဘောကို မြို့အုပ်တော်မင်း ဦးမောင်မောင်ကြီးတွင် ရေးရေးမြင်သည်။ မြို့အုပ်သည် သံတဲ ကျောင်းထွက်ဟုဆိုသည်။ သံတဲကျောင်းအကြောင်း သူ ကောင်းကောင်းမသိ။ ထိုမှတစ်ဖန် ကိုရွှေဖြူသည် အောက်ပြည် အောက်ရွာသို့ ရောက်ဖူး ပေါက်ဖူးသည့် လှေသူကြီးပွဲနင်းများနှင့် စကားစမြည်ပြောဆိုရသည့်အခါ အောက်ပြည် အောက်ရွာ၌ ခေတ်ပြောင်းနေသည့်သဘောသည် သိသိသာသာ ထင်ရှားလာသည်။ အောက်ပြည်အောက်ရွာက လာကြသော လှေသူ ကြီးများ၊ ပွဲနင်း

များ၊ ကုန်သည်ပွဲစားများကလည်း သူတို့ဆီတွင် မြို့ရွာများ စည်ပင်သာယာလာကြောင်း၊ အင်္ဂလိပ်၏ အုပ်ချုပ်ရေးသည် စည်းကမ်းစနစ် ရှိကြောင်း၊ ဆန်စက်များ အလျှိုအလျှိုပေါ်လာကြောင်း၊ သင်္ဘောလမ်းတစ်လျှောက် မီးရထားလမ်းတလျှောက် မီးခိုးခေါင်းတိုင်များ တလူလူ တက်နေကြောင်း အားရပါးရ ပြောကြသည်။ သူသိသည်ကား မန်းနေပြည်တော်၊ ပစ္စင်၊ ပြအိုး၊ ရင်တား၊ ကျုံး၊ ရွှေနန်းတော်၊ နန်းတွင်းသူ၊ နန်းတွင်းသားတို့၏ ယဉ်ကျေးပျူငှာ အမူအရာများ။ အောက်ပြည်အောက်ရွာက လူများပြောနေ သည်မှာ ဆန်စက်၊ သစ်စက်၊ မီးသင်္ဘော၊ မီးရထား။ မီးရထားဆိုသည်ကား အံ့ဖွယ်သူရဲ အရာဟုဆိုသည်။ မီးသင်္ဘောကိုမူ နေပြည်တော်၌ သူမြင်ဖူးခဲ့သည်။ မီးရထားဆိုသည်ကို မမြင်ဖူးသေး။ သို့ဖြစ်ရာ ကုလားဖြူစာတတ် မြို့အုပ်တော်မင်းနှင့် ဆန်စက်၊ သစ်စက်၊ မီးရထား၊ မီးသင်္ဘောတို့ကို ပေါင်းစပ်လိုက်သည့်အခါ ခေတ်ပြောင်းနေပြီဆိုသည့်သဘောကို ဦးရွှေဖြူ ရေးရေးငုံမိလေသည်။ သင်းတို့ ပြောချင်ရာ ပြောကြပေစေ၊ ထင်ချင်ရာ ထင်ကြပေစေ၊ ဖေမောင်ကိုကား ကုလားဖြူစာ သင်စေရမည်ဟု ဦးရွှေဖြူ ပိုင်းဖြတ်လိုက်သည်။ သို့ကြောင့်ပင် ပြတ်ပြတ်သားသား ဆုံးဖြတ်ကာ ဖေမောင်ကို ဘုန်းကြီးကျောင်းမှနုတ်၍ မက်သောဒစ်ကျောင်းသို့ ပို့ခဲ့ခြင်း ဖြစ်လေသည်။

'အတွက်အချက်လည်း သင်ရတယ် အဖေရဲ့။ ကမ္ဘာကြီးလုံးတယ် ဆိုတဲ့ ပထဝီအကြောင်းလည်း သင်ရတယ် အဖေရဲ့'

'ဟေ ကမ္ဘာကြီးလုံးတယ်'

'ဟုတ်သယ် ခင်ဗျ၊ ဆရာက ဒီလိုပြောတာပဲ ခင်ဗျ'

'ဘယ်လို လုံးတာလဲကွ'

'မသိဘူး ခင်ဗျ။ ကျွန်တော်လည်း ကောင်းကောင်း နားမလည်သေးဘူး။ လုံးတယ်ပဲ မှတ်ထားတဲ့'

'မြတ်စွာဘုရား'

ပြီးမှ 'အေး၊ လုံးတယ်ပဲမှတ်ထား။ ဒါပေမဲ့ ဘယ်လိုလုံးတယ် ဆိုတာ မင်း သိအောင်လုပ်၊ သိအောင်မေး။ ကြားလား'

သူကိုယ်တိုင်ပင် ယောင်ချာချာဖြစ်သွားသည်။ ကမ္ဘာကြီးလုံးတယ်။ သူ ကြားဖူးသလိုလို၊ နားထောင်ဖူးသလိုလို၊ မြို့အုပ်တော်မင်းပဲ ပြောဖူးသလို လို။ အင်း သူတို့လောကဓာတ်ကျမ်း ဆိုတာတွေကလည်း အဆန်းကြယ် သားကလား။ မြို့အုပ်တော်မင်းပဲ မေးရမလား။ ဟုတ်ပြီ ဟုတ်ပြီ၊ မြို့အုပ် တော်မင်း ပြောဖူးတာပဲ။ လက်ထက်တော်ကလေးတုန်းက ရွှေမြို့တော်ကို ရောက်လာတဲ့ ကုလားဖြူတစ်ယောက်က ဦးဘိုးလှိုင်နဲ့ ဆွေးနွေးဆိုလား။ ရွှေနန်းရှင်ဘုရားကို လျှောက်တင်တယ် ဆိုလား။ အဲဒီ ကမ္ဘာလုံးတဲ့ အကြောင်းပဲ။ ဟယ် ရှုပ်ပါတယ်လေ။ ကမ္ဘာကြီးလုံးလုံးပြားပြား ဒါ ငါ့ အလုပ် မဟုတ် ဘူး။ ဒါ ဖေမောင့်အလုပ်ပဲ။ ကောင်းတယ် ကောင်းတယ်။ တို့မသိဖူးတာ တွေ၊ တို့မကြားဖူးတာတွေ ဖေမောင် သိရကြားရတယ်။ တစ်ခါတစ်ရံတွင်မူ ငါ့သား စာသင်ခိုင်းတာ မှားလေပြီလားဟု အောက်မေ့ မိသည်။ သို့သော် ထိုအတွေးသည်ကြာကြာမခံ။

'ကြားလား ငါ့သား၊ လုံးတာကို ဘယ်လိုလုံးတယ်ဆိုတာ သိအောင်မေး။ ဒါ မင့်အလုပ်'

ဦးရွှေဖြူသည် သားအတွက် ကျေနပ်နေလေသည်။ ဖေမောင်သည်လည်း အဖေ စိတ်ချမ်းသာရေး၊ အဖေ ကျေနပ်နှစ်သိမ့်ရေးထက်ပင် ပို၍ သင်အံ လေ့ကျက်သည်။ သည့်မျှနှင့် မကျေနပ်။ ဖေမောင်သည် ပတ်ဝန်းကျင်ကို ဉာဏ်မီသမျှ လေ့လာသည်။ ကိုယ့်အဖြစ်သနစ်၊ ကိုယ့်မိဘအဖြစ် သနစ်၊ ကို ယ့်တိုင်းပြည် အဖြစ်သနစ်တို့ကိုပါ လေ့လာသည်။ ကိုယ့်တိုင်းပြည် အဖြစ် သနစ်ကိုကား သူ ရေရေရာရာ မသိသေး။ ဘုရင်ကို အင်္ဂလိပ်က ဖမ်းသွား

သည်။ အင်္ဂလိပ်က စစ်နိုင်သည်။ တိုင်းပြည်တစ်ပြည်လုံး ဆုံးရှုံးသွားရသည်။ သည်မျှပဲ သိသည်။ ဘာ့ကြောင့် စစ်ရှုံးသည်၊ ဘာ့ကြောင့် တိုင်းပြည်ကျွန်ဖြစ်ရသည်၊ ဘာ့ကြောင့် သီပေါမင်းကို အင်္ဂလိပ်က ဖမ်းသွား သည်ကို သူမသိ။ ဤအကြောင်းတို့သည်လည်း သူ့အဖို့ ခေါင်းရှုပ်စရာ။ သို့သော် သူ့အကြောင်း၊ သူ့မိဘအကြောင်းကိုတော့ ဖေမောင် နည်းနည်း ပါးပါး သိလာသည်။ အဖေသည် အရင်ကမြို့သူကြီး၊ ယခုလည်း မြို့သူကြီး။ ယခုမြို့သူကြီးဆိုပေြေားလည်း အဖေ့အထက်တွင် မြို့အုပ်တော်မင်းတစ်ယောက် ရှိသေးသည်။ အရင်က အဖေ့အထက်တွင် ဘယ်သူမှမရှိ။ ရွှေနန်းတော်ကြီးသာ ရှိသည်။ အဖေ့ရိုးရာသည် သူကြီးရိုးရာ။ တောင်ယာလယ်လုပ်။ အဖေသည် ပေါင်းလောင်းဒေသတွင် မြေပဲကို စတင်စိုက်ပျိုးခဲ့သူ တို့တွင် တစ်ဦးအပါအဝင်ဖြစ်သည်။ မြေပဲဆိုသည် မကြာသေးမီကမှ သင်္ဘောဖြင့် အနောက်တိုင်းက ရောက်လာသည့် သီးနှံတစ်မျိုး။ ဤသည်တို့ကိုကား ဖေမောင် ရေးရေးမျှသိသည်။ ထို့ပြင် အဖေသည် ယခု လှေနှင့်တက်နှင့် ရောင်းဝယ်ဖောက်ကားသည့် အလုပ်တစ်ခုကို အစပျိုးနေသည်ဟု

လည်း သူ သိထားသည်။ အိမ်သို့ လှေသူကြီးများ ယခုရက်အတွင်း ဥဒဟိုဝင်ထွက် သွားလာကြသည်။ ဟိုး အောက်ပြည်အောက်ရွာကဟု ဆိုသည်။ အောက်ပြည်အောက်ရွာကဟု ဆိုသော်လည်း များသောအားဖြင့် သူတို့တစ်တွေသည် အထက်သားများဖြစ်ကြကုန်သည်။ ရေကြည်ရာ မြက်နုရာ ရှာရင်း အောက်ပြည်အောက်ရွာသို့ ရောက်သွားကြသူများဖြစ် သည်။ ကြံခင်းက ပွဲနင်းကြီးဦးမြတ်ခေါင်ကား ပခန်းမျိုးဖြစ်သည်။ ထို့အတူ မြန်အောင်က ပွဲစားကြီး ဦးရွှေခဲသည်လည်း ပခုက္ကူဇာတိဖြစ်သည်။ သူတို့အရပ်တွင် လယ်ယာလုပ်ကိုင် စားသောက် နေကြသည့် အထက်သားများ အများအပြား ရှိသေးသည်ဟုဆိုသည်။ မြင်းခြံ၊ ညောင်ဦး၊ စလေ၊ ဆင်ဖြူ

ကျွန်းအရပ်တို့ကလည်း သူတို့ဆီ ရောက်လာကြသည်။

'ကျုပ်တို့အရပ်မှာ လယ်သိပ်ပေါတယ်ဗျာ။ ဓားမဦးချတွေချည်းပဲ။ လယ်သစ် တည်ကြတဲ့ သူတွေ အများကြီးပဲ။ စိုက်ဟယ် ပျိုးဟယ် ရိတ်ဟယ် သိမ်းဟယ်နဲ့ ပျော်စရာကြီးဗျာ။ ပြီးတော့ ထောင်း၊ ကြိတ်၊ ရောင်းချနဲ့ စည်ကားနေတာပဲ။ လှေတွေ လှည်းတွေလဲ နားမနေရဘူး။ ဟိုပို့ရ ဒီပို့ရနဲ့'

ဦးရွှေဖြူသည် ထိုစကားတို့တွင် ကြည်နူးနေသည်။ သူသည် ရိုးရာသူကြီး အလုပ်ဖြင့် မပျော်မွေ့လိုတော့ပြီ။ လှေနှင့်တက်နှင့် စွန့်စားသွား လာကာ စခန်းသစ် လမ်းသစ်ဖွင့်ချင်ပြီ။ ဦးရွှေဖြူနည်းတူ သူ့သား ဖေမောင်သည် လည်း ခေတ်သစ်၏မက်လုံးတို့တွင် ကြည်နူးလာသည်။ သူ လည်း အဖေ့ သားဖြစ်လေရာ ခေတ်နောက်ကျနေသော ပေါင်းလောင်း၌ မပျော်ပိုက်။ မက်လုံးများရှိရာသို့သာ လွင့်ချင်သည်။ သို့သော် အဖေ့ကိုပြော၍ မဖြစ် သေး။ လူပုံကငယ်ငယ်နှင့် အလှမ်းကျယ်သည်ဟု သူ့ကို အဖေက ဆိုလိမ့် မည်။ ကုလားဖြူစာကိုသင်ကာ မြို့အုပ်တော်မင်း၊ ဝန်ထောက်တော် မင်း ဖြစ်ရေးသည် အဖေ့အာသီသဖြစ်သည်။ အဖေ့ကိုပြောလျှင် အတောင် အလက် မစုံသေးဟု သူ့ကိုတားလိမ့်မည်။ ကြိတ်မှိတ်နေရပေဦးမည်။

အခွင့်အလမ်းသာသူကား ဦးရွှေဖြူဖြစ်သည်။ သူသည် တစ်ခုသော အချိန် တွင် ခေတ်သစ်ဆန်းရာ အောက်ပြည်အောက်ရွာသို့ အလည်တစ် ခေါက် လိုက်ပါသွားလေသည်။

မယ်ငြိမ်းကား သမီးငယ် မငယ်ကို ထိန်းကျောင်းရင်းနှင့်ပင် လင် တော် မောင် ကိုရွှေဖြူ၏ခရီး ချောမောစေကြောင်း ဆုတောင်းနေရသည်။ သူ့ ယောကျာ်းသည် သူနှင့်အကြောင်းပါမှ တစ်ကြိမ်တစ်ခါမျှ ခရီးဝေး မထွက် ဖူးခဲ့။ ဤတစ်ကြိမ်သည် စွန့်စား၍ သွားခြင်းပင်ဖြစ်သည်။ လူပြောသူပြော များလှသည့် အောက်ပြည်အောက်ရွာသို့ စခန်းသစ် လမ်းသစ်ဖွင့်ရန် စွန့်

စား သွားခြင်း ဖြစ်လေသည်။

မောင်ဖေမောင်ကား သူ့အလှည့်ကိုသာ စောင့်နေရသည်။ အဖေ အောက်ပြည်အောက်ရွာသို့ ပထမဆုံးအကြိမ် သွားသောအချိန်တွင် မောင်ဖေမောင်သည် ၁၂ နှစ်သားအရွယ်ရှိနေပြီ။ သူ့နှမမငယ်ကား ၇ နှစ်သမီး အရွယ် ရောက်လာပြီ။ မြို့အုပ်တော်မင်းကလည်း အောက်ပြည် အောက်ရွာ၏ လုပ်ခန်းကိုင်ခန်းတို့ကို လေ့လာရန် သွားလိုသည်ဆိုသော သူကြီးမင်း ဦးရွှေဖြူကို အကြည်အသာ ခွင့်ပေးလိုက်သည်။ သို့နှင့် လေးလအကြာတွင် ဦးရွှေဖြူသည် အားသစ်မာန်သစ်နှင့် ပေါင်းလောင်းသို့ ပြန်ရောက်လာလေသည်။

***

(၄)

'မယ်ငြိမ်းရေ၊ အမယ်လေး ပြောစရာတွေ တစ်ပုံကြီးကွဲ့။ တစ်နေ့နဲ့ပြောလို့ ပြီးမှာမဟုတ်ဘူး။ တစ်ညနဲ့ပြောလို့ ပြီးမှာလဲမဟုတ်ဘူး။ စာဟောဆရာတွေလို မချုပ်ထိုးပြီးသာ ပြောလိုက်ချင်တော့တာပဲ'

'နေစမ်းပါဦး တော်ရဲ့။ ဘယ်အရပ် ဘယ်ဒေသတွေ ရောက်ခဲ့သလဲ။ ပြောစမ်းပါဦး ကိုရွှေဖြူရဲ့'

မြို့အုပ်တော်မင်း ဦးမောင်မောင်ကြီးသည် ပြုံးပြုံးပြုံးပြုံးနှင့် ဦးရွှေဖြူအိမ်သို့ ရောက်လာသည်။ မကြာသေးမီက ကျောင်းအုပ်ဆရာကြီးပီတာ ဦးဘရွှေလည်း ခေါင်းမော့ လည်မော့နှင့် ဦးရွှေဖြူ၏အိမ်သို့ ရောက်လာသည်။ ဆွေစုမျိုးစုတို့လည်း ရောက်လာကြသည်။ မောင်ဖေမောင်ကား ထိုဧည့်ဝိုင်းမှ မခွာတော့ပေ။

'ရန်ကုန် ရောက်ခဲ့သေးလား ကိုရွှေဖြူရဲ့'

'ဒီတစ်ခေါက် ရန်ကုန်တော့ဖြင့် မရောက်ခဲ့သေးဘူးကွဲ့။ မြန် အောင်၊ ကြံခင်း၊ ဟင်္သာတ'

'တော့်ဟာကလဲ ရန်ကုန်မြို့ကြီးရောက်အောင် သွားခဲ့တာ မဟုတ်ဘူး'

'ဟုတ်ပ့ါ အဖေရယ်။ သွားမှဖြင့် ရောက်အောင်သွားရောပေ့ါ ခင်ဗျာ'

'အချိန်ကလဲ မရှိဘူးသားရ။ ရန်ကုန်ဆိုတာက ရောက်ရင်လဲ တစ်ပတ်ကိုးသီတင်းနေမှ စုံမှာသားရ'

'ဒါဖြင့် တော့်ဟာက ဘယ်မှာ အချိန်တွေ ဒီလောက်ကုန်နေရတာ လဲ'

'အသွားအပြန်ခရီးက တစ်လကျော်ကျော်ကွယ်။ အဲ ကြံခင်း တစ်လနီးပါး၊ ပြီးတော့ မြန်အောင်နဲ့ ဟသ်ာတ တစ်လလောက်။ ဟသ်ာတ ရောက်တော့ တို့ဆီကအဆက်တွေ တွေ့တော့တာပဲဟေ့။ တို့ကသာ ချောင် ထဲ ခလောင် ထဲပိတ်ပြီးတော့ ဘယ်မှမထွက်တာ။ ရောမြစ်ရိုးရောက်ရင်ပဲ လှေတွေ သမ္ဗာန်တွေ ပိန်းကောတွေ စပါးသုံးရာပါ၊ လေးရာပါ၊ ငါးရာပါ။ အရှယ် ရှယ် အစားစားပါပဲကွယ်။ သွားကြလာကြတာတွေ ပျော်စရာကြီးပဲ။ တစ်ခါတလေလည်း အိမ်ထောင်စုံ အောက်ပြည်အောက်ရွာ ပြောင်းကြရွှေ့ကြ

တာတွေတွေ့ရဲ့။ ဟိုမှာက မြေက တယ်ပေါတာကိုးကွဲ့။ မိုးကလည်း ကောင်း စပါးကလည်း စိုက်လို့ဖြစ်နဲ့ဟာ မပြောပါနဲ့တော့။ ပဒေသာပင်က ရွှေသီးတဲ့ ခေတ်ကလားကွ။ ဆန်စက်တွေကလဲ မီးခိုးတလူလူနဲ့ ရေနွေးငွေ့နဲ့ မောင်းတဲ့ စက်ကြီးစက်ကလေးတွေကွ။ တုံကင်းတွေ သမ္ဗန်တွေ စပါး သယ်တဲ့ ကုလား တွေ လှုပ်လှုပ်ရွရွနဲ့။ တွေ့ရတာစုံနေတာပဲ။ တို့ဆီမှာ အခု ထက်ထိ မောင်း ထောင်းပြီး စားနေရတုန်းမဟုတ်လား။ ဘယ်ဟုတ်မလဲ၊ သူတို့ဆီမှာတော့ ဒီနေ့စားချင် ဒီနေ့စက်ကို သွားကြိတ်လိုက်ရုံပဲ'

'အဲဒီ ဆန်စက်ကြီးတွေက တစ်ခုဘယ်လောက်ပေးရသလဲ အဖေ'

ဦးရွှေဖြူသည် သား၏အမေးကို သဘောတွေ့သွားကာ မျက်ခုံးချီ၍ ကြည့်လိုက်သည်။

'အရှယ်ရှယ် အစားစားပေါ့ သားရယ်။ သောင်းကိုးထောင်နေမှာ ပေါ့။ အင်္ဂလန်တို့ ပြင်သစ်တို့ ဒတ်ချတ်နိုင်ငံတို့က မှာရတာပေါ့ကွယ်'

'ငါ့သားက ဆန်စက်တည်ချင်လို့လား' ဒေါ်ငြိမ်း၏အမေး။

'မဟုတ်ပါဘူး အမေရယ်။ မေးကြည့်တာပါ'

‘စပါးဈေးဆိုတာကလဲ တက်လာပြီဆိုပဲကွဲ့။ အရင်က လေး၊ငါး ဆယ်က နေပြီး အခု ရှစ်ဆယ်နီးပါး ဖြစ်လာသတဲ့။ ရန်ကုန်မှာ တစ်ရာတဲ့။ ပဒေသာပင် ပေါက်ကြတာပေ့ါကွယ်’

‘ကျုပ်တို့ဆီနဲ့များတော့ ကွာမှာပေ့ါ ကိုရွှေဖြူရယ်။ ကျုပ်တို့ဆီမှာ ဘယ်က ပဒေသာပင် ပေါက်မှာလဲ’

‘ကွာသမှ ကိုးဆယ်ဆကွာပေ့ါ မယ်ငြိမ်းရာ။ လူတွေ ကြည့်ရတာကို

ပဲ ဖျတ်ဖျတ်လတ်လတ်နဲ့ သွားလာလုပ်ကိုင်နေလိုက်ကြတာ၊ လှေကြီး လှေငယ်နဲ့ ကူးသန်း သွားလာ လုပ်ကိုင်နေကြတာကို ကြည့်ရတာပဲ ငါဖြင့် ပျော်နေတာပဲ။ စားလိုက်ကြ၊ သောက်လိုက်ကြ၊ ဝတ်လိုက်ကြ၊ သွားလိုက်ကြ

လာလိုက်ကြနဲ့’

ပထမဆုံးအခေါက်နှင့်ပင် ဦးရွှေဖြူသည် ခေတ်သစ်၏ အမူအရာ တို့ကို စုံစုံစေ့စေ့ ထိတွေ့ခဲ့လေသည်။ ဦးရွှေဖြူသည် ဟင်္သာတဆိပ်ကမ်းသို့ စပါး တင်လာသော ဧရာဝတီ မီးသင်္ဘောတို့ကို တွေ့ခဲ့ရလေသည်။ ထိုမှတစ်ဖန် ကြံခင်းကိုပြန်၍ သူ့အစီအစဉ်တွင်မပါသော ခရီးသစ်တစ်ခုကို ဆက်ခဲ့ရ သေး သည်။ ထိုခရီးသစ်တွင် ဦးရွှေဖြူသည် မီးရထားကိုစီးနင်းခဲ့ရသည်။ လောက ဓာတ်ပညာ၏ အံ့မခန်းနိုင်သည့် တီထွင်မှုတို့သည် အနောက်မှ အရှေ့သို့ပင် ပင်လယ်ပြင်ကြီးကို ဖြတ်ကျော်ကာ ရောက်လာသည်။ သူသည် မီးသင်္ဘော

ကိုလည်း စီးခဲ့ရပြီ။ မီးရထားကိုလည်း စီးခဲ့ရပြီ။ မိတ်သစ်ဆွေသစ်တို့ လည်း တိုးပွားခဲ့ပြီ။ နောက်တစ်ခေါက်ဆိုလျှင် ကုန်သွယ်ဖောက်ကားဖို့ အစီအစဉ်လုပ်ရန်သာ ကျန်တော့သည်။

‘အဲ ခရီးသစ်ဆိုတာကတော့ စမုန်မြို့ကွဲ။ ငါလည်း အစက စမုန်မြို့ဆိုတာ မကြားဖူးသလိုပဲ။ နောက်မှ တည်တဲ့မြို့ကိုကွ။ မြို့သစ်ရွာသစ် တည်တဲ့ အထဲမယ် အဲဒီစမုန်မြို့ဟာလဲ အပါအဝင်ပေါ့။ သူတို့ကတော့ စမုန်ကွင်း ကောက်လို့ ခေါ်ကြတာများတယ်။ စမုန်နဲ့ကွင်းကောက်ဆိုတာက ချောင်း ပေါ်မှာ တစ်ဖက်တစ်ချက်စီ။ ရန်ကုန်နဲ့ အင်္ဂလိပ်မိုင်နှစ်ရာကျော် လောက် ဝေးမှာပေါ့။ စမုန်ကတော့ မီးရထားလမ်းပေါ်မှာ မဟုတ်ဘူး။ ခေတ္တရာက နေပြီး ခရီးဆက်ရသေးတယ်။ စမုန်ရောက်တော့ ငါလဲ ခေတ္တရာ ကို သွား ပြီး မီးရထား စီးကြည့်သေးတယ်’

‘အမယ် ကိုရွှေဖြူ တော်တော်ရောက်ခဲ့တာပေါ့’

‘ဟား ဟား၊ ရောက်တုန်းပေါက်တုန်း စီးဖူးတယ်ရှိအောင် စီးခဲ့ရတာကိုး ကွ’

‘ဒါထက် ကိုရင်က စမုန်ဆိုတာကို ဘာလို့သွားရတာလဲ’

‘မင်း မသိပါဘူး ရှင်ငြိမ်းရာ။ ငါ့အမျိုးတွေ စမုန်မှာ ရှိတယ်ကွ။ ငါလဲ ကြုံ ခင်းပြန်ရောက်တော့ ပေါင်းလောင်းဆက်တွေ ကြုံခင်းမှာသွားတွေ့ တယ်။ ပွဲ့နင်းကြီး အိမ်မှာပဲပေါ့။ လူက လူစုံ မဟုတ်လားကွ။ ဒါနဲ့ ပြောကြဆို

ကြ မေးကြ စမ်းကြရင်း စမုန်ကွင်းကောက်မှာ ငါ့ဆွေမျိုးတွေ ရှိတယ်လို့ သိရတယ်’

‘ဘယ်က ဆွေမျိုးသစ်တွေလဲ။ ကျုပ်ဖြင့် မသိပါဘူး။ ကိုရင်လဲ ကျုပ်ကို ဘယ်တုန်းကမှ မပြောဖူးဘူး’

‘ဟုတ်ပ့ါ အဖေရယ်’

‘ဝေးတော့ ဝေးပါတယ်ကွာ။ နှစ်ဆက် သုံးဆက်လောက် ဝေးမှာ ပေ့ါ။ ငါ လဲ အဖေပြောဖူးလို့ ရေးရေးမှတ်မိတာပဲ။ သူတို့ကတော့ သေသေ ချာချာ

မှတ်သားထားသနဲ့တူပါရဲ့ကွာ။ ဇာတိ မဟုတ်လားကွ။ ပေါင်းလောင်း ဇာတိကနေ တစ်ရပ်တစ်ကျေး ပြောင်းရွှေ့ နေထိုင်ကြရတယ် ဆိုတော့ ဇာတိကို မမေ့ဖို့ သူတို့ဘိုးဘွားတွေက ပြောဆိုမှာ ကြားထားခဲ့တာပေါ့။ ပြီးတော့ လည်း ဇာတ်မြုပ်ချင်တဲ့သူတွေမှ မဟုတ်တာ။ ဇာတ်မြုပ်ချင်တဲ့ သူတွေက သာ မင်းပြစ် မင်းဒဏ်ကြောက်ပြီး ဘဝဟောင်းကို ပြည်ဖုံးကားချ ထားကြ တာပေါ့။ အဲ ဇာတိဆိုတော့ ပေါင်းလောင်းမှာ ဘယ်သူတွေရှိမှာလဲ။ တို့ ဆွေမျိုးတွေ နေမှာပဲလို့'

'အချုပ်ကို ရောက်အောင်သာပြောပါ ကိုရင်ရဲ့'

မောင်ဖေမောင်က တဟားဟားရယ်ပါသည်။ 'ဟုတ်ပါရဲ့ အဖေက လဲ။ အဖေပြောနေတာနဲ့ နောက်တစ်ညတောင် ဆက်နားထောင်ရမလို ဖြစ်နေ ပြီ'

သူတို့အိမ်မှာ မြို့အုပ်တော်မင်းလည်း ပြန်သွားပြီ။ ကျောင်းဆရာ ပီတာ ဘရွှေလည်း ပြန်သွားပြီ။ ဦးရွှေဖြူသည် မြို့အုပ်တော်မင်းနှင့် ကျောင်း ဆရာတို့ကို ဖယောင်းတိုင်တစ်ခုစီ လက်ဆောင်ပေးလိုက်သည်။ နှစ် ယောက် စလုံးက ဘုရားပူဇော်ရမည်ဟု ဆိုသည်။ ဦးမောင်မောင်ကြီးကား ဘုရား ပူဇော်မည့်သူမဟုတ်။ သူ့ဇနီး မြို့အုပ်မင်းကတော် လက်ဝယ် သို့ သာလျှင် အပ်ပေလိမ့်မည်။ ပီတာဦးဘရွှေကမူ မက်သောဒစ် ဘုရားရှိခိုး ကျောင်း လက်ဝါးကပ်တိုင်ရှေ့၌ သူ လက်ဆောင်ပေးလိုက်သော ဖယောင်းတိုင်ကို ထွန်းညှိပေလိမ့်မည်။

'အေးပေါ့ကွာ။ ဒါကြောင့် အဖေပြောတာပေါ့' ဟူ၍ ဦးရွှေဖြူ စကားဆက် ပြန်သည်။

'လယ်နဲ့ချောင်းနဲ့ အသက်မွေးနေကြတဲ့ ဦးဇေယျာနဲ့ဒေါ်လှမေမိသားစုနဲ့ တွေ့ခဲ့သကွ။ ဒေါ်လှမေရဲ့ အဘိုးအဘွားများ ဘက်က တို့နဲ့တော် တာပါပဲ။

ဒေါ်လှမေရဲ့မိဘိုးဘွားများကတော့ ရွှေဘိုကျောက်မြောင်းဘက်ကလို့ ဆိုတာပဲ။ ငါနဲ့စပ်တာက ဦးဇေယျာကွဲ့။ သူက ပေါင်းလောင်း ဆက်ပေ့ါ။ သူတို့တစ်တွေက ခုတော့ စီးပွားဖြစ်နေကြပြီပေ့ါကွယ်။ ငါ့ဖြင့် သူတို့ကြည့်ပြီး အားကျမိပါရဲ့။ သားသမီးကနှစ်ယောက်ကွဲ့။ ညွှန့်ခင်နဲ့ အငယ်လေးက မောင်အေးတဲ့။ အကြီးမက ငါးနှစ်သမီးလောက်ပဲ ရှိသေးတယ်။ အငယ်ကတော့ မနှစ်တစ်နှစ်ကမှ မွေးတာပါကွာ။ အခုမှ နှစ်ခါလည်သားလောက် ရှိသေးတယ်'

'နှပ်ချေး ဗရဗျစ်နဲ့ နေမှာပေ့ါအဖေရယ်'

'နေစမ်းပါကွာ။ မင်းကလဲ ဘယ်ကနှပ်ချေး ဗရဗျစ်နဲ့ရမှာလဲ'

'သားက သူထင်တာပြောတာကိုး ကိုရွှေဖြူရဲ့'

အိမ်တွင် သူတို့မိသားစုသာ ကျန်တော့သည်။ ဆွေမျိုးများလည်း ပြန်သွားကြပြီ။ သူနှင့်အတူပါလာသော ပဲ့နင်းကြီးသည်လည်း ကြံခင်းဆိပ်ရှိ ပွဲရုံသို့ ပြန်အိပ်တော့မည်ဆိုကာ ပြန်သွားသည်။

'လယ်နဲ့ ချောင်းနဲ့၊ နောက် စက်နဲ့ဘာနဲ့ ဖြစ်လာကြမှာပါကွာ။ ကြီးပွားလိုက်ကြတာ အားကျစရာကြီးပါပဲ'

ဦးရွှေဖြူသည် တစ်ညလုံး အိပ်တော့မည့်ပုံ မရှိ။ သူသည် အောက်ပြည်အောက်ရွာက အပြန်တွင် စိတ်အားထက်သန်နေသည်။ အထူးသဖြင့် ဆွေများမျိုးများ ကြီးပွားနေသည်ကို တွေ့ခဲ့ရသည့်အတွက် သူ့စိတ်သည် ပို၍လှုပ်ရှားနေသည်။ သို့နှင့် မိသားစု စကားဝိုင်းသည် အရှိန်ကောင်း လေကောင်း နေလေသည်။

'လယ်ချောင်းဆိုသဟာက တို့ဆီကယာနဲ့ လားလားမှ မဆိုင်ဘူးကွ။ သီးထွက်ချင်းရော ငွေဖြစ်ပုံချင်းရော ဘာမှမတူဘူး။ တို့ အကြီးစားမြေတို့ ဆို

တာတွေက ဘာဟုတ်လို့လဲကွာ။ နှမ်းလေး ပြောင်းလေး ပဲလေးထွက်မှာ ပေါ့။ နှမ်းဆိုတာကလဲ မိုးကဖျက်လိုက်ရင်ပြီးရော။ တစ်ခင်းလုံး ပြုတ်ပြုတ် ပြုန်းသွားတာမျိုး။ အောင်ပြန်ပြီဆိုတော့လဲ ရတာပေါ့ကွယ်။ ပြီးတော့ မြေ ချင်းကလဲ ကွာသကွ။ မြေဆီမြေနှစ်ချင်းကို မတူပါဘူး။ မိုးနဲ့ရေနဲ့ ချောင်းနဲ့ မြောင်းနဲ့ မြေက အဆီနှစ် တက်နေတဲ့မြေ။ ထွက်လိုက်တဲ့စပါးတွေဆို ထောင်ပုံရာပုံပါပဲ။ မီးရထားလမ်းတစ်လျှောက် လယ်ကွင်းကြီးတွေက တစ်မျှော်တစ်ခေါ်၊ စပါးပုံကြီးတွေက ပုဂံဘုရားတွေလိုပဲ ဟိုတစ်ပုံ သည် တစ်ပုံ’

အောက်ပြည်အောက်ရွာသို့ သူရောက်သွားချိန်မှာ ပြာသို၊ တပို့တွဲ ဖြစ်သည်။ စပါးပေါ်ချိန် ရောင်းလိုက်ဝယ်လိုက်နှင့် ဆူဖြိုးနေချိန် ဖြစ်သည်။

‘အခုမှ ငါသဘောပေါက်လာတာ တစ်ခုရှိတယ်ဟဲ့။ ဘာလဲဆိုရင် တို့ဆီက နဲ့ စိုက်ပျိုးပုံချင်း မတူတဲ့အကြောင်းပဲကွ။ တို့ပဲကို ဘယ်သူကများ များများ စားစား ဝယ်လို့လဲ။ များများစားစားရော ဘယ်သူကရောင်းနိုင်သလဲ။ သူတို့ စပါးကတော့ များများစားစားဝယ်တဲ့လူ ရှိတယ်။ စိုက်တဲ့ပျိုးတဲ့ စိုက်ခင်း ပျိုးခင်းကလဲ ကြီးတယ်၊ ကျယ်တယ်။ များများလဲ စိုက်တယ်။ အဲ ပြီးတော့ ကုလားပြည်တို့ ဘိလပ်တို့ ဆိုတာတွေက သင်္ဘောကြီးတွေနဲ့ လာဝယ်ကြ တာ’

‘ဘိလပ်ဆိုတာ ဘာလဲ အဖေ’

‘သားကလဲကွယ် နေဦး။ မင့်အဖေနောက်ပြီးတော့ ပြောပြလိမ့်မယ်’

‘ဒီတော့ အဲသဟာဟာ တို့နဲ့ကွာတဲ့ အချက်ပေါ့ကွ။ တို့ဆီမှာလဲ သူတို့လို များများစိုက် များများရောင်း မဖြစ်နိုင်ဘူးလား။ ဖြစ်နိုင်ရမှာပေါ့ကွာ။ အေး ဒါပေတဲ့ ဈေးချင်းကျတော့ မတူဘူးကွ။ စပါးဈေး ပဲဈေး ဘာတူမလဲ ကွာ။ အင်း လယ်တွေ ချောင်းတွေ စက်တွေ စပါးတွေ ဆန်တွေ’

***

(၅)

ဦးရွှေဖြူ စမုန်မြို့သို့ ပထမဆုံးအကြိမ်ရောက်သောနှစ်သည် ၁၉၀၂ ဖြစ်သည်။ ထိုအချိန်တွင် မောင်ဖေမောင်သည် ၁၂ နှစ်သားအရွယ် ရှိနေပြီး မငယ်သည် ခုနစ်နှစ်သမီးအရွယ် ရှိနေပြီ။

၁၈၉၇ တွင် အိန္ဒိယဘုရင်ခံချုပ်သည် မြန်မာနိုင်ငံကို အိန္ဒိယ အင်ပါယာ၏ အပါအဝင် ပြည်နယ်တစ်ခုဖြစ်ကြောင်း ကြေညာလိုက်သည်။ ထိုအချိန်တွင် ပေါင်းလောင်းသို့ အင်္ဂလိပ် အုပ်ချုပ်ရေး ရောက်လာကာ ဦးမောင်မောင်ကြီး မြို့အုပ်ဖြစ်လာသည်။ ဦးရွှေဖြူ မြို့သူကြီးရာထူး ပြန်ရသည်။ ထိုနှစ် မေလ ၁ ရက်နေ့တွင် အိန္ဒိယဘုရင်ခံချုပ်က တိုက်ရိုက် ခန့်ထားသော မြန်မာနိုင်ငံ၏ ပထမဆုံးဥပဒေပြုကောင်စီကို ဖွဲ့စည်း လိုက်လေသည်။ ကောင်စီဝင်လူကြီးများမှာ ကိုးယောက်ဖြစ်လေသည်။ ကောင်စီဝင်များမှာ အစိုးရခန့် ကိုယ်စားလှယ်များသာ ဖြစ်သည်။ ထိုကောင်စီ တွင် အုပ်ချုပ်ရေးအာဏာဟူ၍ ဘာတစ်ခုမှ မည်မည်ရရမရှိ။ အုပ်ချုပ်ရေးဆိုင်ရာ အကြီးအကဲဖြစ်သည့် မဟာဝန်ရှင်တော်မင်းကြီး၏ အတိုင်ပင်ခံကောင်စီသက်သက်သာ ဖြစ်လေသည်။ ဆက်တိုက်ပင် နောက်တစ်နှစ်ဖြစ်သော ၁၈၉၈ ၌ မြန်မာနိုင်ငံ မြူနီစီပယ် ဥပဒေများကို စတင်အတည်ပြုလေသည်။

ထိုနှစ်တွင် မြန်မာနိုင်ငံ၌ စိုက်ပျိုးသော စိုက်ပျိုးဧရိယာ ဧကပေါင်းမှာ ၅ သန်း ၅ သိန်းမျှရှိသည်ဟု ခန့်မှန်းကြသည်။ ၁၈၈၆ မြေယာဈေးမှာ တစ်ဧက ၅ ကျပ်မျှသာဖြစ်သည်ဟု ဆိုကြသည်။ ယင်းကား သီပေါပါတော်မူချိန်

အောက်မြန်မာနိုင်ငံ၌ ဖြစ်နေသော မြေစျေးဖြစ်လေသည်။

၁၈၇၁ ၌ ရန်ကုန်မြို့တွင် မြန်မာသံတော်ဆင့်သတင်းစာ ထွက်လာသည်။ ထိုနောက် မြန်မာဂေဇက်သတင်းစာ၊ လောကီသုတပညာသတင်းစာ၊ ရတနာပုံသတင်းစာ၊ မြန်မာ့အဆွေ သတင်းစာ၊ ပိဋကတ်သတင်းစာ၊ ဟံသာ ဝတီသတင်းစာ၊ သီရိမင်္ဂလာ ဂေဇက်သတင်းစာ၊ ဇမ္ဗူကျက်သရေ သတင်းစာတို့ ထွက်နေသည်။ ဦးရွှေဖြူ စမုန်သို့ရောက်သော ၁၉၀၂ ၌ ရန်ကုန်မြို့တွင် မဟာဗောဓိသတင်းစာနှင့် လောကဗျူဟာ သတင်းစာ နှစ်စောင် ထပ်၍ ထွက် လာသည်။

တစ်ဖန် အောက်မြန်မာနိုင်ငံတွင် ၁၈၆၆ ၌ အင်္ဂလိပ်အစိုးရက ပညာမင်းကြီးတစ်ယောက်ကို ခန့်လိုက်သည်။ ထို့နောက် ပညာအုပ်ပညာဝန်စသည်တို့ ခန့်သည်။ ၁၈၅၂ မှ ၁၈၇၇ အတွင်း အောက်မြန်မာနိုင်ငံ၌ ဘုန်းတော်ကြီးကျောင်း၊ လောကဓာတ်ကျောင်း ဟုခေါ်သော အစိုးရ မြန်မာစာသင်ကျောင်းပေါင်း ၂၆၀ဝ ခန့်ရှိလာသည်။ ၁၉၀ဝ ပြည့်လောက်တွင် ကျောင်းပေါင်း ၄၀ဝ၀ ခန့်ရှိလာသည်။ ရန်ကုန်မြို့၌ ဒိုင်အိုဆီဇင် အင်္ဂလိပ်ကျောင်း၊ ဆရာမတ်၏ စိန့်ဂွန်းကျောင်း၊ စိန့်မေရီ မိန်းကလေးကျောင်း၊ ကူရှင်ကျောင်း၊ အစိုးရကျောင်းတို့ဖွင့်လှစ်ပြီးရှိနေသည်။ တက္ကသိုလ်ပညာတတ်ပင် သုံးလေးဆယ်ခန့်ရှိနေပြီ။

ထိုအချိန်တွင် ဦးရွှေဖြူ၏အသက်မှာ သူ့စကားအတိုင်းဆိုလျှင် ‘လက်ထက်တော်ကြီးမှာ မွေးတာပဲ။ ၁၂၂၇ ဖွားဆိုတော့ အခု ကျုပ်က ၃၇ နှစ်ထဲမှာ။ အင်း၊ မယ်ငြိမ်းက ကျုပ်အောက် လေးနှစ်ငယ်တယ်။ သူက ၃၃ နှစ်ထဲမှာပေါ့။ တပို့တွဲဆို တင်းတင်း ပြည့်တော့မယ်။ အင်း မငယ်ကြတော့ဘူးပေါ့ဗျာ’

***

(၆)

ညိုမှိုင်းနေသော ရိုးမတောင်ကြီးသည် အရှေ့ဘက်တွင် တံတိုင်း မည်းကြီးလို မိုးသို့ထိုးတက်နေသည်။ ရိုးမတောင်ကြီးမှ စိမ့်များ စမ်းများ သည် ချောင်းငယ်ထဲသို့ တသွင်သွင် စီးဝင်ကြသည်။ ယင်းတို့သည် တောင်ကျချောင်းဖြစ်လာသည်။ တောင်ကျချောင်းသည် တစ်ဟုန်ထိုးစီးကာ ချောင်းငယ်လေးထဲသို့ တဝေါဝေါစီးဝင်သည်။ တောင်ကျချောင်းကလေးများ ပေါင်းသည့်အခါ ချောင်းငယ်ကလေးဖြစ်လာသည်။ ထိုချောင်းငယ်ကလေးသည် မြစ်ကြီးရောထဲသို့ စီးဝင်ရန် အရှိန်နှင့်ပြေးလာသည်။ သစ်ဝါးအပိုင်း အပျက်များ၊ ကျောက်တုံးကျောက်ခဲများ၊ မြေစိုင်မြေခဲများကို တိုက်စားသယ်ဆောင်ကာ မြစ်ကြီးရောသို့ပို့သည်။ တစ်နေရာတွင် ချောင်းငယ်လေးနှစ်ခု ဆုံမိကြသည်။ ထိုနေရာကို ချောင်းဆုံဟုခေါ်သည်။ ချောင်းဆုံပြီးသည့်နောက် နုန်းမြေထုကိုဖောက်ကာ ချောင်းမကြီးသည် ဝေ့ဝိုက်ကွေ့ကောက်၍ မြစ်ကြီး ရောထဲသို့ စီးဝင်သည်။ ကွေ့ကောက်စီးဆင်းလာသဖြင့် ထိုချောင်းမကြီးကို ချောင်းကောက်ဟုခေါ်သည်။ မြစ်ကြီးရော၏ ဟိုဘက်တွင်ကား အနောက် ရိုးမကို မှုန်ရေးရေးမြင်ရသည်။

ချောင်းကောက်ကမ်းပါးတစ်နေရာတွင် ကွင်းတစ်ခုရှိသည်။ ကွင်းသည်လည်း ချောင်းကမ်းပါးရေတိုက်စားသဖြင့် ကောက်သည့်နေရာ၌ ကောက်နေသည်။ ကွင်း၏အနားသည် မဖြောင့်။ ထို့ကြောင့် ထိုကွင်းကို ခပ်လွယ်လွယ်ပင် ကွင်းကောက် ဟုခေါ်လိုက်သည်။ ချောင်းဆုံနှင့် ကွင်းကောက်အကြား မြေသည်ကား ပြန့်ပြူးသည်။ ကျယ်သည်။ အမို့အမောက်

နည်းသည်။ ဟိုတစ်နေရာ သည်တစ်နေရာတို့တွင်သာ ကုန်းကလေး ကမူကလေးများ မို့တက်နေသည်။ သို့သော် ဝါးတောကား ထူပြောလှသည်။ အုံလိုက်ရုံလိုက် အုပ်ဖွဲ့နေသည်လည်း ရှိသည်။ ဝါးမျိုးစုံပေါလှသည်။ ကြသောင်းဝါး၊ တင်းဝါး၊ မျှင်ဝါး၊ ထီးရိုးဝါး။ အင်ပင်တို့သည် ဟိုတစ်နေရာ သည်တစ်နေရာ ထိုးလိုးထောင်လောင် ပေါက်နေသည်။ ဝါးရုံနှင့် အင်တိုင်းရောယှက်နေသည်။ ထိုမှတစ်ဖန် ကိုင်းတောကြီးများလည်း ထူပြောသည်။ သစ်၊ ကျားပေါလှသည်။ ထောင်ထောင်မောင်းမောင်း ဗလခပ်ကောင်းကောင်း လူရွယ်တစ်ယောက်နှင့် တုတ်တုတ်ခိုင်ခိုင် မေးရိုးကားကား လူရွယ်တစ်ယောက်သည် ချောင်းကောက်ကမ်းပါးတွင်ရပ်ကာ ချောင်းညာသို့ မျှော်ကြည့်နေသည်။ သူတို့မျက်လုံးများသည် ချောင်းရိုးအတိုင်း အထက်ဘက်သို့ ရောက်သွားသည်။ ထိုမှတစ်ဖန် မြောက်ဘက်ယွန်းယွန်းသို့ အာရုံ စိုက်သွားကြပြန်သည်။

'ဒီချောင်းကောက်ဘေးက ကွင်းကတော့ ကွင်းကောက်ပဲ' တုတ်တုတ်ခိုင်ခိုင်လူက ဆိုသည်။

'ငါ ချောင်းညာဘက် တက်ကြည့်ချင်သေးတယ်။ ဟိုးမှာ ချောင်းဆုံတဲ့နေရာ ရှိတယ်နဲ့ တူတယ်ကွ။ တစ်ခါ ရောက်ဖူးသလိုလိုပဲ'

'သဟာဖြင့်လဲ သွားလေ'

နှစ်ယောက်သား ချောင်းရိုးအတိုင်း ချောင်းညာသို့ ဆန်တက်ကြသည်။ လမ်းကားမရှိ။ ဝါးရုံကိုတိုး၊ သစ်ကိုင်း၊သစ်ခက်တို့ကို ဖယ်ရှား၊ ကိုင်းတောကိုရှင်းကာ မနည်းပင် ခရီးတွင်အောင် သွားကြရသည်။ တစ်နေရာတွင် ဗလကောင်းကောင်းလူသည် တုံ့ခနဲ ရပ်လိုက်သည်။ 'ဟေ့ ဘာလဲ' နောက်မှ လိုက်လာသူက မေးသည်။ ဝုန်းခနဲ ကိုင်းတောထဲမှ ကျားတစ်ကောင် ခုန်ထွက်ကာ ဝါးတောထဲသို့ ဝင်ပြေးသည်။ အသည်းထိတ်စရာပင် ကောင်းလှ

သည်။ အသည်းထိတ်သည်နှင့် ရင်ခုန်လာသည်။ သောက်စရာ ရေရှာသည်။ ရေမရှိ။ ညို့မှိုင်းနေသော ရိုးမ ဆီမှ စီးဆင်းလာသည့် ချောင်းရေသည် နောက်ကျိနေသည်။ အမောပြေသောက်ရန်ပင် မသင့်။ ကြည်ကြည်လင် လင် မရှိ။ ရာသီကား မိုးရာသီဖြစ်သည်။ သူတို့တစ်ကိုယ်လုံး ချွေးရွှဲလာ သည်။ ခဏကြာလျှင် မိုးရွာ လာသည်။ မိုးသည် မဆင်ဘဲနှင့် ဖြုန်းခနဲ ရွာချ လိုက်သည့်မိုး ဖြစ်သည်။ မိုးရေပေါက်တို့ကို နှစ်ယောက်သား လက်ခုပ်နှင့်ခံ ကာ အားရပါးရ သောက်လိုက်ကြသည်။ ထိုအခါတွင်မှ ရင်ခုန် ရပ်သွား သည်။ အမောပြေသလိုလို ရှိလာသည်။ သို့သော်လည်း တဖြည်းဖြည်း မိုး သည်းလာသည်နှင့် သူတို့ နှစ်ယောက်သည် ဝါးရုံတစ်ရုံအောက်သို့ တိုးဝင် ကာ မိုးခိုကြရသည်။ ကျားကိုလည်း ဂရုစိုက်ရသေးသည်။

'ဝေး၊ ကြိုဖူးပေါင်ကွာ။ အောက်ပြည်အောက်ရွာမှာ မိုးကောင်း တယ်ဆို တာ အခုမှ ကြုံရတာပဲဟေ့'ဗလကောင်းကောင်းလူက ညည်းသည်။ သူတို့ နှစ်ယောက်ကား ခရီးမဆက်နိုင်။ မိုးသံ ချောင်းကျသံတို့ကြောင့် ဆူညံ နေသည်။ ခဏလေးကြာသောအခါ မိုးစဲသွားသည်။ သူတို့လည်း ခရီးဆက် ခဲ့သည်။ ဝါးရုံအုပ်အုပ်တစ်ခုအလွန်တွင် ဘာပင်မှမပေါက်သော ကွင်းတစ်ခု ကို ဘွားခနဲ တွေ့လိုက်ရသဖြင့် သူတို့နှစ်ယောက်စလုံး အံ့အား သင့်သွားကြ သည်။ ကွင်းကား သိပ်မကျယ်လှ။ ယာ ဆယ်ကွက်စာလောက် သာ ပြန့်ပြန့် ပြူးပြူးရှိသည်။ ထိုနောက် ကွင်းကို ဖြတ်လိုက်သည်တွင် တောင်ကျချောင်း နှစ်ချောင်းဆုံရာသို့ ရောက်ကြလေသည်။ တစ်ခုကား ချောင်းကြီး၊ တစ်ခု ကား ချောင်းငယ်။ ချောင်းကြီးနှင့် ချောင်းငယ်ဆုံပြီး ချောင်းမကြီး ဖြစ်လာ သည်။

'ဟိုဘက်ချောင်းက ငယ်တယ်ကွ။ အဲဒီ ချောင်းငယ် ဟိုဘက်ကူး ဦးမ လား'

‘နေပါဦးကွာ။ နောက်တစ်ခေါက်မှ ကူးကြတာပေါ့’

ကွင်းကောက်နှင့် ချောင်းဆုံကွင်းတို့ကို သူတို့နှစ်ယောက် မျက်စိကျ လာသည်။ ကွင်းကောက်ကား ရှင်းရလင်းရ ခုတ်ထွင်ရမည်။ သို့ဖြစ်ရာ ဦးစွာ ပထမ ချောင်းဆုံကွင်းတွင် အခြေတည်ရန်စိတ်ကူးကြသည်။

ထိုသူတို့နှစ်ယောက်ကား ဗလနှင့်ကျော်သူဖြစ်သည်။ အောက်ပြည် အောက်ရွာသို့ စွန့်စား ထွက်လာကြသူများ ဖြစ်သည်။ ရွှေဘိုကျေးလက် ဇာတိ ဖြစ်ကြသည်။ အလောင်းဘုရား၏ ရဲဘော်ခြောက်ကျိပ်မှ ဆင်းလာသည့် အနွယ်များ ဖြစ်ကြလေရကား လူလုံးလူဖန်ကြီးကြီး၊ မေးရိုးကောင်းကောင်း၊ တုတ်တုတ်ခိုင်ခိုင်နှင့် ယောကျ်ားပီသသူများ ဖြစ်ကြသည်။ သူတို့သည် လာရင်းက အမရပူရရွှေမြို့တော်သို့ လာရင်းဖြစ်သည်။ နောက်မှ အောက်သို့ ရောက်လာခဲ့ခြင်း ဖြစ်သည်။

ဤဇာတ်ကိုဦးစီးသူမှာ ကျော်သူ ဖြစ်သည်။ ကျော်သူသည် ရွှေဘိုနားက ကျောက်မြောင်းတွင် အိုးဖုတ်သည်။ အိုးဖုတ်ရင်းက ကျောက်မြောင်း မြို့ဝန် သမီးခင်ထွေးနှင့် ချစ်ကြိုက်သည်။ မြို့ဝန်ဘက်က သဘောမတူ။ ထို့ကြောင့် ခင်ထွေးကို ခိုးယူထွက်ပြေးရန် ကြံစည်သည်။ ယင်းအကြံအစည်ကို သူ့ ရောင်းရင်း မြို့စောင့်တပ်သားဗလနှင့် တိုင်ပင်သည်။ ဗလက သဘောတူသည်။ သူလည်း ကူညီမည်ဟုဆိုသည်။ ဘယ်ပြေးကြမလဲ။ ရွှေဘိုပြေး၍ကား မဖြစ်။ ရွှေဘိုတစ်မြို့လုံးမှာ ကျောက်မြောင်းမြို့ဝန်ကိုရော သူ့ သမီးခင်ထွေးကိုပါ ကောင်းကောင်းသိသည်။ သို့ဖြစ်လျှင် အမရပူရမြို့ ဘက်ပြေးကြမည်ဟု ဗလက အကြံပေးသည်။ သူလည်းလိုက်မည်။ အမရ ပူရတွင် သူ့ဦးကြီးတော်တစ်ယောက်ရှိသည်။ သူပါလိုက်မှဖြစ်မည်။ အကြောင်းကလည်း ရှိသည်။ ကျော်သူသည် သူ့ရောင်းရင်းဖြစ်သည်။ ခင် ထွေးပျောက်လျှင် ကျော်သူကို ရှာမည်။ မတွေ့လျှင် သူ့ကိုမေးမည်။ ဗလ

ကား မြို့ဝန်၏ မြို့စောင့်တပ်မှ တပ်မှူး၏ လူယုံတော်ဖြစ်သည်။ အင်္ဂလိပ် ရန်ရှိသေးဆိုကာ မြို့စောင့်တပ်ကို တိုးချဲ့လိုက်သည့်အခါ လယ်လုပ် နေရာမှ မြို့စောင့်တပ်သို့ ဝင်ခြင်းဖြစ်သည်။ သူတို့နှစ်ယောက်ကား ခွဲမရသည့် ငယ် ရောင်းရင်းဖြစ်သည်။ တစ်နေ့တွင် ကျော်သူလည်း တပ်ထဲသို့ ဝင်မည်ဟု စိတ်ကူးထားသည်။ သို့ရာတွင် အချစ်ရေးကြောင့် မစဉ်းစား အားသေး။ နှစ် ယောက်စလုံးကား ငယ်ငယ်ရွယ်ရွယ်များဖြစ်ကြရာ သွေးဆူနေ ခိုက်မို့ ခွဲခွာ မရနိုင်လောက် အောင် အချစ်ကြီးချစ်နေကြသည်။ ဤသို့ဖြင့် ကျော်သူ သည် ခင်ထွေးကို မရမက ခိုးယူတော့သည်။ ဗလကလည်း ကျော်သူသွား လေရာ လိုက်ရန်အသင့်ရှိသည်။ သူလည်း ကျေးလက်၌ မနေလိုတော့ပြီ။ ရွှေမြို့တော်သို့ အခွင့်သာခိုက်သွားချင်သည်။ ထို့ကြောင့် တစ်ညနေခင်း မှောင်ရီပျိုးသည်တွင် သူတို့သုံးယောက်သည် ကျောက် မြောင်းမှ လှေ ကလေး တစ်စီးဖြင့် မြစ်ရိုးအတိုင်း အမရပူရသို့ စုန်ခဲ့ကြသည်။ အမရပူရ ရောက်သောအခါ မျှော်လင့်သည့် အတိုင်း မဖြစ်။ ဗလ၏ဦးကြီးက ဗလနှင့် ကျော်သူ၊ ခင်ထွေးတို့ကို လက်သင့်မခံ။ ကျောက်မြောင်း မြို့ဝန်သည် သူတို့ နှင့် ရင်းနှီးသည်။ ရွှေမြို့တော်ရောက်လျှင် ဝင်၊ ထွက်၊ သွား၊ လာနေသူ ဖြစ်သည်။ လက်သင့်ခံလျှင် အကြောင်းကြားရလိမ့်မည်ဟု ဆိုသည်။ အကြောင်းကြား၍ကား ဘယ်နည်းနှင့်မျှ မဖြစ်။ သူတို့သည် ကြံရာမရ ဖြစ် နေသည်။ ဗလက သူ့ဦးကြီးကို အမျိုးမျိုး ချော့မော့တောင်းပန်သည်။ မရ။ အားကိုးတကြီးနှင့် အလုပ်အကိုင်အတွက်လာခဲ့ကြရာ ယခုကား ဒုက္ခ ရောက်ကြရပြီ။

ဗလ၏ဦးကြီး ဦးခကား ဝင်းတော်မှူးဖြစ်သည်။ သူတို့လို သတ္တိကောင်း ကောင်း၊ ဗလကောင်းကောင်း လူရွယ်လေးများကို အလုပ်ရှာဖွေပေး နိုင်သည်။ ဦးခက ဗလကို အမှုတော်ထမ်းရန် သွင်းပေးမည်။ ရွှေနန်းတော်

ကြီး၏ အစောင့်တပ်တွင် တပ်သားအဖြစ် သွင်းပေးမည်။ ရာထူးတက်လမ်းလည်း ကောင်းသည်ဟု ဆိုသည်။ ဗလသည် ကျော်သူနှင့် ခင်ထွေးကိုပါ ဦးကြီးက မဆောင်ကြဉ်းနိုင်သမျှ ဦးကြီးပေးသည့်အလုပ်ကို လုပ်ရန်စိတ်မကူး။ သူတို့သုံးယောက်ကား မျက်စိသငယ်နားသငယ်နှင့် နေရာထိုင်ခင်း ပထမ ရှာရသည်။ မလွယ်လှ။ ထိုစဉ်တွင် မြို့တော်၌လည်း ရုတ်ရုတ်သဲသဲဖြစ်ကာ ကောလာဟလများ ကြီးစိုးနေသည်။ ယင်းတို့ကား ရွှေနန်းရှင်ဘုရား၏ သားတော်နှစ်ပါးဖြစ်သည့် မြင်ကွန်းမင်းသားနှင့် မြင်းခုံတိုင် ် မင်းသားတို့ ပုန်ကန်ရန် စီစဉ်နေကြသည် ဆိုသည့် သတင်းပင် ဖြစ်သည်။ ဦးရီးတော် ကနောင်မင်း အိမ်ရှေ့အရာရသည်ကို သူတို့ညီနောင်နှစ်ပါးက မကျေနပ်ဟု ဆိုသည်။ ထို့ကြောင့် ပုန်ကန်မည်ဟု ဆိုသည်။ တစ်ဖန် အမရပူရရွှေမြို့တော်မှသည် မန္တလေးတောင်ခြေသို့ ရွှေ့ပြောင်းကာ မြို့နန်းသစ်တစ်ခု တည်ဆောက်စံနေမည့် အရေးကိုလည်း မြို့သူမြို့သားတို့ ပြောဆိုနေကြသည်။ တကယ်ဆိုလျှင် ထိုအချိန်မျိုး၌ ဗလနှင့်ကျော်သူတို့ အလုပ်ရှားပါးစရာ အကြောင်းမရှိ။

ထိုအချိန်ကား ကုလားဖြူနှင့် ဒုတိယစစ်ပွဲပြီးစအချိန် ဖြစ်သည်။ လွန်ခဲ့သည့် နှစ်နှစ်ကျော် သုံးနှစ်ကမှ စစ်ပွဲပြီးသွားသည်။ ထို ဒုတိယစစ်ပွဲ အပြီးတွင် အပျော်အပါး ခုံမင်လိုက်စားနေသော ပုဂံမင်းလက်မှ ညီတော် မင်းတုန်းမင်းနှင့် ကနောင်မင်းတို့က လုပ်ကြံယူလိုက်ခြင်း ဖြစ်သည်။

စစ်ပွဲအပြီးတွင် နေပြည်တော်သားတို့ကား သွေးမအေးကြသေး။ နောက်တစ်ချီ အင်္ဂလိပ်နှင့် ရင်ဆိုင်ရလိမ့် ဦးမည်ဟု နားလည်ထားကြသည်။ ယခုကား အောက်ဗမာပြည်တစ်ခုလုံး မြေထဲအထိ အင်္ဂလိပ်လက်သို့ အပ်လိုက်ရသည်။ အင်္ဂလိပ်က ပဲခူးဝန်ရှင်တော်မင်းကြီးခန့်ကာ မြန်မာနိုင်ငံ

အောက်ပိုင်းကို အုပ်ချုပ်နေသည်။ ရွှေမြို့တော်တွင်မူ အင်္ဂလိပ်သံများ၊

တမန်များ ဝင်ထွက်သွားလာနေကြသည်။ သူတို့နှင့် ရင်းနှီးဆက်ဆံသည့် နန်းတွင်းသူ နန်းတွင်းသားတို့သည် ပိုးဖဲကတ္တီပါများ၊ ခါသာပိတ်အုပ်များ လက်ဆောင်ရလာကြသည်။ တမန်တို့က လက်ဆောင်ပေးကာ လိုချင်သည့်

သတင်းကို မေးမြန်းသည်။ လက်ဆောင်ရသည့်အခါ ရှင်လန်းဝမ်းသာဖြစ်ကာ မေးသမျှကို ပြောကြသည်။ ထိုမှတစ်ဖန် သံတမန်တို့က အောက်ပြည် အောက်ရွာ၌ စည်ပင်သာယာနေပုံကို ပြောပြသည်။ ပဲခူးနှင့်မွန်တို့ဒေသ မြောင်းမြ၊ ဖျာပုံဘက်ဆီတွင် လယ်ယာများ တိုးချဲ့စိုက်ပျိုး လာသဖြင့် စည်ပင်လာသည်ဟု ဆိုသည်။ ထိုမှတစ်ဖန် စပါးဈေးသည် ထိုအရပ်တို့၌ ၁၅ ကျပ်မှ ၄၀ နီးပါးအထိ တက်လာသဖြင့် လယ်လုပ်သူတို့ ဖွံ့ဖြိုးလာသည် ဟုလည်း ဆိုသည်။ သာယာဝတီမင်း တည်ခဲ့သော ဥက္ကလာပမြို့ဟောင်းကိုလည်း အကွက်ရိုက်ကာ ရန်ကုန်မြို့သစ်တည်နေပြီဟု ဆိုသည်။ ထိုရန်ကုန် ဒေသ၌ အင်္ဂလိပ်ကုန်သည်များ၊ ဂျာမန်ကုန်သည်များ၊ ပြင်သစ် ကုန်သည်များ၊ ဒတ်ချတ်ကုန်သည်များ၏ ကုန်တိုက်ကြီးများသည် တိုင်း တစ်ပါးကုန်စည်များကို ဈေးပေါပေါနှင့် ရောင်းချနေသည်ဟုလည်း သတင်းစကားကြားရသည်။ ထိုမှတစ်ဖန် အောက်မြန်မာနိုင်ငံ၌ လယ်မြေ များ အလကားဝေနေသည်။ လယ်မြေဈေးသည် တစ်ဧက ၅ ကျပ်ဈေးသာ ရှိသည်ဟူ၍လည်း သတင်း စကားကြားရသည်။

'လယ်တွေ အလကားဝေနေသတဲ့' ဟူသော သတင်း၊ 'လယ်တစ် ဧက ၅ ကျပ်ဈေးတဲ့' ဟူသော သတင်းနှစ်ခုသည် ဗလနှင့်ကျော်သူ၏ နှလုံးကို ချိုမြိန်စေသည်။ သူတို့သည် ရွှေမြို့တော်ရောက်သည်နှင့် မင်းမှု ထမ်းချင်စိတ် ကုန်ခန်းသွားသည်။ အရာအမှူးရဖို့ မလွယ်။ မင်းရေး ပြည်မှုကလည်း ရှုပ်ထွေးလှသည်။ သူတို့ကား ရိုးသားသော တောသားများ ဖြစ်သည်။ သူတို့ နှင့် မင်းမှုသည် လားလားမျှ မဆိုင်။ မြေယာကို သူတို့ ခုံမင်သည်။ မြေယာ

သည် သူတို့ကို ကျွေးမွေးခဲ့သည်။ သို့ဖြစ်ရာ သူတို့ကို လည်း စခန်းသစ်က ဖိတ်ခေါ်နေလေရာ အလည်တစ်ခေါက် ရောက်သည် ဆိုလျှင် မနည်းဘူး၊ အလုပ်စခန်းမသင့်ကာမှ လှည့်ပြန်တော့မည်ဟု သဘော ပိုက်ပြီးလျှင် အောက်ပြည်အောက်ရွာသို့ စုန်ဆင်းရန် စိတ်နှလုံး တုံးတုံးချ လိုက်ကြသည်။

'ခင်ထွေးတော့ ကျောက်မြောင်းကို မပြန်ချင်ဘူး။ ဘဘ ဘုရားကို ကြောက်တယ်' ဟူသော ခင်ထွေး၏စကားက ဗလနှင့်ကျော်သူ၏ စွန့်စားခန်းကို အားပေးအားမြှောက် ပြုလိုက်သည်။

ဤသို့ဖြင့် ဗလ၊ ကျော်သူ၊ ခင်ထွေးတို့သည် အောက်ပြည် အောက်ရွာသို့ ရောက်လာခဲ့လေသည်။ သူတို့သည် ဧရာမြစ်ကမ်းရွာကြီး တစ်ရွာတွင် စခန်းချကြသည်။ အဝေး ရန်ကုန်ကိုကား သွားဖို့ မရည်ရွယ် သေး။ သူတို့ အခြေစိုက်ချင်သည်မှာ လယ်မြေဖြစ်သည်။ ထို့ကြောင့် ဧရာမြစ်ကမ်းထိပ်ရှိ ချောင်းဝရွာကြီးတွင် ပထမစခန်းထောက်ကာ အလုပ်အ ကိုင်ရှာဖွေသည်။ မြို့ဝန်သမီး ကျောက်မြောင်းသူ ခင်ထွေးသည် အတော်ပင် ဖွဲ့သတ္တိကောင်းသည်။ ဆင်းရဲငတ်ပြတ်သည့်ဒဏ်ကို ခံနိုင်သည်။ ထို့ကြောင့်ပင် ကျော်သူသည် ဇနီးကို တိုး၍ ချစ်သည်။ ဗလနှင့်ကျော်သူကား ကြုံရာ အလုပ် ရရာ အလုပ်ကို လုပ်သည်။ ချောင်းဝမှ အရှေ့ရိုးမဆီသို့တက်၍ ဝါးခုတ်ကာ ဝါးဖောင်ဖွဲ့၍ မျှောကြသည်။ မြန်အောင်၊ ကြံခင်း၊ ဟင်္သာတသို့ ဝါးဖောင် သွား၍ ရောင်းသည်။ တစ်ဖန် ရေနံ့သာမြို့ဆီသို့ ရေနံတင်ရန်သွား သော ရေနံတင် ပိန်းကောကြီးတွင် လှေထိုးသားအဖြစ် အခကြေးငွေယူ၍ လိုက်ကြသည်။ သူတို့ကား အလုပ်မရွေး။ ဆင်းရဲပင်ပန်းသည့် ဒဏ်ကိုလည်း အတူမျှ၍ ခံကြသည်။ မကြာမီပင် ခင်ထွေးနှင့်ကျော်သူ၌ သမီးတစ်ယောက် မွေးလေသည်။ ထိုသမီးကား အဖတ်မတင်။ ဆင်းဆင်းရဲရဲအကြားမှ မွေးရ

သည့်ကလေးမို့ ချူချာသည်။ သုံးလသမီးအရွယ်တွင် ဆုံးပါးသွားသည်။

သမီးဦးဆုံးလျှင် ကျော်သူသည် အတည်တကျ နေထိုင်စားသောက်ရန် စိတ်ကူးတော့သည်။ အိုးမကွာ အိမ်မကွာ နေချင်သည်။ နာမကျန်းရှိသော ခင်ထွေးကို ပြုစုချင်သည်။ ယုယချင်သည်။ ထို့ကြောင့် ဗလနှင့် တိုင်ပင်ကာ လယ်ယာလုပ်ငန်းသို့ဝင်သည်။ လယ်ဝယ်ရန် သူတို့တွင် ငွေကြေး အတန်အသင့်လည်း စုဆောင်းမိသည်။ ထို့ကြောင့် ချောင်းဝတွင် စပါးအတန်အသင့်ထွက် လယ် ဆယ်ဧကခန့်ဝယ်ကာ စိုက်ရေးပျိုးရေးအတွက် ပြင်ဆင်သည်။ လုပ်ငန်းကား ထင်သလောက် မလွယ်လှ။ လယ်ရှိရုံနှင့် မပြီး။ နွားဝယ်ရသေးသည်။ ထွန်တုံးထွန်တံ ထူထောင်ရသေးသည်။ သို့သော် သူတို့သည် သူများရပ်ရွာတွင် အောက်ကျမခံလိုသည်နှင့် ကြိုးစားကြသည်။ တစ်နှစ်ဆန်းသော် အသီးအပွင့်ကလေးများကို ခံစားရလေသည်။

ဗလနှင့်ကျော်သူသည် ချောင်းဝတွင် နေသားကျစ ပြုလာသည်။ ချောင်းရိုးအတိုင်း ချောင်းညာသို့ ဆန်တက်ကာ ဝါးဖောင် ချဖူးသည်ကြောင့် သူတို့သည် ချောင်းကောက် ပတ်ဝန်းကျင်ကို ကျွမ်းကျင်စွာ သွားတတ်လာတတ် ရှိသည်။ သူတို့နည်းတူ ချောင်းဝက လူများလည်း ချောင်းညာသို့ တက်ကာ ဝါးခုတ်ကြသည်။ သစ်ခုတ်ကြသည်။ ထိုဝါး ထိုသစ်တို့ဖြင့်ပင် သူတို့သည် အိုးအိမ်ထူထောင်ကြသည်။ အောက်အရပ်ကို အင်္ဂလိပ်တို့ သိမ်းပိုက်ပြီးစမို့ သူတို့ဒေသတွင် သစ်တောဌာန မဖွင့်လှစ်ရသေး။ သို့ဖြစ်ရာ သစ်ဝါးကို အတားအဆီးမရှိ ခုတ်နိုင်ခွင့်ရခဲ့သည်။ သူတို့နှစ်ယောက်စလုံးသည် ရွှေဘိုသားများဖြစ်ကြရာ လယ်နှင့်ဝေးသူများ မဟုတ်ကြ။ သို့ဖြစ်ခြင်း ကြောင့် လယ်ယာအလုပ်တွင် မကြာမီပင် ဝင်ဆံ့သွားသည်။ သို့နှင့် ခင်ထွေး တွင် နောက်ထပ် ကိုယ်ဝန်ရလေသည်။

ဗလလည်း ချောင်းဝတွင် နဖူးစာရွာလည်ကာ ရိုးမသူ ကရင်အမျိုး သမီး

လေး နန်းရွှေနှင့် အကြောင်းဆက်မိသည်။ ‘ဝေး၊ နင်တို့တော့ ကျောက်မြောင်း ပြန်ချင် ပြန်ကြတော့ဝေး။ ငါတော့ နန်းရွှေနဲ့ပဲ ရိုးမမှာ နေရစ်တော့မယ်ဝေး’ ဟု ဗလက ကျော်သူနှင့် ခင်ထွေးကို နောက်ပြောင်ကျီ

စယ်သည်။ ဗလအသံသည် ကရင်သံပါလာသည်။ သူတို့နှစ်အိမ်ထောင်ကား စီးပွားမခွဲသေး။ နန်းရွှေကလည်း ရိုးသားသော ကရင်အမျိုးသမီးဖြစ်ရာ နှစ်အိမ်ထောင်သည် အဆင်ပြေနေသည်။

မြေကိုဖက်၍ အသက်ရှင်လိုသော ကျော်သူနှင့်ဗလတို့သည် ချောင်းကောက်ကိုတက်၍ လယ်သစ်တည်ရန် အကွက်အကွင်း ကြည့်ကြသည်။ ကွင်းကောက်နှင့်ချောင်းဆုံတွင် သူတို့ စိတ်တိုင်းကျ တွေ့သည်။ ကွင်းကောက်သည်ကား အနည်းငယ် အပင်ပန်းခံကာ ရှင်းလင်းခုတ်ထွင် ရမည်။ ချောင်းဆုံကွင်း၌ကား ကိုင်းတောကိုသာ အနည်းငယ်ရှင်းရမည်။ ဦးစွာ ပထမ ကွင်းကောက်ကို ခုတ်ထွင်ကြသည်။ ဝါးတောကို ဦးစွာ ခုတ်ထွင်သည်။ ဆူးငြောင့်၊ ခလုတ်ကလည်းပေါသည်။ ပိုးကောင်၊ မွှားကောင်ကလည်း ပေါသည်။ သက်သာလှသည့် အလုပ်ကား မဟုတ်။ ထိုအချိန်တွင် ခင်ထွေးနှင့် နန်းရွှေ နှစ်ယောက်စလုံး ပြိုင်တူလိုလိုပင် ကိုယ်ဝန်ရှိလာကြသည်။ သို့သော်လည်း လမရင့်သေးသဖြင့် သူတို့မောင်ကြီးနှစ်ယောက်ကို ကူညီနိုင်သေးသည်။

‘ကဲဟေ့ တစ်ယောက်ကယောကျ်ားလေး၊ တစ်ယောက်က မိန်းကလေးဆိုရင် ပေးစား ကြစတမ်းနော်။ မပျက်ရဘူး’ ဗလကစ၍ အရေးဆို သည်။ ကျော်သူနှင့်ခင်ထွေးက ခေါင်းညိတ်သည်။ နန်းရွှေကား ပြုံး၍ကြည့်နေသည်။ လယ်သစ်တည်ရသည်မှာ တစ်နှစ်နှင့်ပြီးသည့်အလုပ် မဟုတ်။ ကွင်းကောက်က ပို၍ ချုံနွယ်ပိတ်ပေါင်းထူထပ်သဖြင့် လယ်မြေယဉ်ပါးအောင် အချိန်ယူရသည်။ ချောင်းဆုံကွင်းကား လွယ်သည်။ သူတို့နောက်သို့

ချောင်းဝရွာက အဆင်သင့်သူများ လိုက်လာကြသည်။ အနီးအစပ်ရှိ အင်းကုန်း၊ ရှောက်ပင်တို့ကလည်း ရိုးမဘက်တက်ကြသည်။ ချောင်းလေးတစ်ဖက်ကမ်း သို့ကူး၍ လယ်သစ်တည်ကြသည်။ ပျော်စရာအားတက်စရာပင်။

ကျော်သူနှင့်ခင်ထွေးတွင် သားငယ်မွေး၍ ဗလနှင့်နန်းရွှေတွင် သမီးတစ်ယောက် မွေးသည့်အခါ ချောင်းဆုံကွင်းသည် အတန်ငယ်စည်ပင် လာသည်။ ကျော်သူနှင့် ခင်ထွေး၏သားကို 'ကျော်ထွေး' ဟု နာမည်ပေးကာ ဗလနှင့် နန်းရွှေသမီးကို 'စောရွှေ' ဟု နာမည်ပေးသည်။ ကျော်ထွေးက တစ်လကြီးသည်။ နှစ်ယောက်စလုံး သန်မာ ထွားကျိုင်းကြသည်။ ကျော်ထွေးက အလုံးအဖန်ကောင်းသလို စောရွှေကလည်း ဝဂကစ်ကစ်ကြီး ဖြစ်သည်။ ခင်ထွေးနှင့်နန်းရွှေတို့သည် တစ်ယောက်မအားလျှင် တစ်ယောက်က မောင်နှမနှစ်ယောက်စလုံးကို နို့တိုက်သည်။ နောက်ပြောင်ကျီစယ်ရင်း ကတိထားကြရာမှ အတည်စကားဟု ခိုင်ခိုင်မာမာ ယူဆလာကြသည်။ အလေးအနက်ယူဆလာကြသည်။ ကျော်ထွေးနှင့် စောရွှေတို့ကို မွေးပြီး ကတည်းက သူတို့တွင် လုပ်ခန်းကိုင်ခန်းလည်း အဆင်ပြေလာသည်။

ဤသို့ဖြင့် သူတို့နှစ်မိသားစုသည် ကွင်းကောက်သို့ ပြောင်းလာခဲ့ ကြသည်။ စီးပွားကား ယခုထက်တိုင်မခွဲသေး။ သည်သားသမီးနှစ်ယောက် ရပြီး နောက်ထပ် သားသမီး မထွန်းကား ကြတော့။ သူတို့ကား လယ်နှင့်ချောင်းနှင့် အတန်ငယ် စည်ပင်လာကြသည်။ ကွင်းကောက် လယ်သစ်တို့သည်လည်း စည်ပင်လာသည်။ ကိုယ်တိုင်ပင် လယ်ဆင်းရန်မလိုတော့ဘဲ သီးစားချရသည့် အခြေသို့ရောက်လာသည်။ ကွင်းကောက်သည် လည်းကောင်း၊ ချောင်းဆုံသည် လည်းကောင်း၊ ချောင်းဝသည် လည်းကောင်း ရေးကထက် တိုး၍ ဖွံ့ဖြိုးလာသည်။ သို့နှင့် နှစ်ကာလ

အတန်ငယ်ညောင်းသော် ကျော်ထွေးနှင့်စောရွှေတို့သည် လူပျိုကြီးဖားဖား၊ အပျိုကြီးဖားဖား ဖြစ်လာ ကြသည်။ သူတို့အသက် ၁၇ နှစ်စီရှိလာသည့် အခါ မိဘနှစ်ဦးနှစ်ဖက်က အကြောင်းစုံပြောပြကာ လက်ထပ်ပေးလိုက်ကြ သည်။ ကျော်သူနှင့်ဗလ၊ ခင်ထွေးနှင့် နန်းရွှေတို့ကား အသက် ၄၀ နီးပါး ရှိ နေကြပြီ။ မကြာမီပင် သူတို့၌ ကျော်ထွေးနှင့် စောရွှေတို့မှ မြေးမကလေး လှရွှေကို ရလာသည်။

အင်္ဂလိပ်အစိုးရ၏ အုပ်ချုပ်ရေးသည်လည်း သူတို့ဒေသ၌ တည်တံ့

လာသည်။ လယ်ယာချောင်းမြောင်း တို့သည်လည်း တိုးတက်စည်ပင်လာ သည်။ ထိုအချိန်တွင် ကွင်းကောက် တစ်ဖက်ကမ်း၌ စမုန်ရွာသစ် ပေါ်လာ သည်။ ရေကြည်ရာ မြက်နုရာ ရောက်လာကြသူတို့သည် ကွင်းကောက် တစ်ဖက်ကမ်းတွင် ရွာသစ်ထောင်ကြသည်။ နောင်သော် စမုန်ကွင်းကောက် ဟူ၍တွဲကာ ခေါ်စမှတ်ပြုကြသည်။ စမုန်တွင် ရန်ကုန်မှ ပြောင်းရွှေ့လာကြ သည့် မိသားစုတစ်စု ရှိသေးသည်။ သူတို့သည် နိုင်ငံခြား စပါးအဝယ်တော် များနှင့် ဆက်သွယ်မိကာ အတော်လေးပင် စီးပွားလမ်း ဖြောင့်ကြသည်။ ထို့ ကြောင့် ဂျာမနီမှ ဆန်စက်ကလေး တစ်လုံးမှာယူကာ စမုန်ကွင်းကောက် တွင် စပါးတစ်ရာကြိတ် ဆန်စက်တစ်ခုတည်လေသည်။ သူတို့ကား ဗမာ စစ်စစ် မဟုတ်။ တရုတ်ကပြားများ ဖြစ်ကြသည်။ ဦးအဝိန်နှင့်ဒေါ်ချောတို့ ဖြစ်သည်။ နောင်အခါ ဦးအဝိန်သည် လုံးလုံးလျားလျား ဗမာဖြစ်လာပြီး ဦး ခင်မောင် ဟူသော နာမည်ကိုယူလေသည်။ သူတို့ဆန်စက်ကို မဏိဇောတ ဆန်စက်ဟု အမည်ပေးလေသည်။ မဏိဇောတ ဆန်စက်ကြောင့် စမုန်ကွင်း ကောက်သည် ပို၍စည်ပင်လာသည်။ ရန်ကုန်နှင့် ခေတ္တရာကားလမ်း ဖောက် သည့်အခါ စမုန်ကွင်းကောက်သည် ကားလမ်းမြို့ကလေးတစ်မြို့ ဖြစ်လာ သည်။ ချောင်းဆုံချောင်းဝအထိ ချောင်းကောက်တစ်လျှောက်ရှိ

စပါးတို့သည် စမုန် ကွင်းကောက်၌ စုလေသည်။ ၁၈၇၀ ကျော်တွင် မီးရထားလမ်းသစ်များ ဖောက်သည့်အခါ အူကြောင်း မဖြောင့်သည်နှင့် စမုန်ကွင်းကောက်ကို ရှောင်၍ သွားသည်။ သို့သော် စမုန်နှင့် မီးရထားလမ်း သည် မလှမ်းမကမ်းမို့ အစည် အပင်မပျက်။ စမုန်သည် မြို့အုပ်ရုံးစိုက်ရာ ဒေသ ဖြစ်လာသည့်အခါ အရောင်း အဝယ် မှန်သမျှသည် စမုန်၌ စုဝေးလာ ရသည်။

ဦးကျော်သူ၊ ဒေါ်ခင်ထွေး၊ ဦးဗလ၊ ဒေါ်နန်းရွှေ တို့အနက် မြေးမလေး အရွယ် မရောက်တရောက်တွင် ဦးကျော်သူ၊ ဦးဗလ၊ ဒေါ်ခင်ထွေးတို့ ရှေ့ဆ င့်၊ နောက်ဆင့်ပင် သေဆုံးကြသည်။ ဒေါ်နန်းရွှေတစ်ယောက်သာ သန် သန်မာမာနှင့် အသက်ရှည်နေသည်။ ထိုအချိန်တွင် ဒေါ်နန်းရွှေသည် အသက် ၆၀ နီးပါးရှိနေပြီ။ လှမကား သူ့အသက်ဘူးပင်ဖြစ်သည်။ ဦး ကျော်ထွေးနှင့် ဒေါ်စောရွှေတို့သည် ကလေးကိုမွေးပြီးကတည်းက လှည့်မ ကြည့်ရ။ အဘိုးအဘွား များပင် တာဝန်ယူ ကြည့်ရှုစောင့်ရှောက် ကြသည်။ သူတို့ကား မိဘလက်ငုတ် လယ်ယာစီးပွားကို တိုးတက်ဖွံ့ဖြိုးအောင်သာ ကိုယ်ဖိရင်ဖိ လုံးပန်းနေကြသည်။ သည်လယ် သည်မြေသည် သူတို့မိဖများ ချွေးနှင့်ရင်း၍ ခုတ်ထွင် တည်ဆောက်ထားရသည်မို့ လယ်မြေအစီးအပွား ကို အပျက်အစီး အဖိတ်အစဉ်မခံဘဲ ဖိဖိစီးစီး လုပ်ကိုင်ကြသည်။

မဏိဇောတဆန်စက်ပိုင်ရှင် ဦးခင်မောင်ခေါ် ဦးအဝိန်နှင့်အတူ မရှေးမနှောင်းပင် စမုန်ကွင်းကောက်သို့ အာလာကပွချစ်တီးယား ရောက်လာ သည်။ သူ့လုပ်ငန်းကား လယ်သမားများကို ငွေချေးသည့် လုပ်ငန်းပင်ဖြစ် သည်။ ထိုအချိန်တွင် သီးစားခသည် စပါးကိုးတင်းဆယ် တင်း ဖြစ်လာရာ လယ်သမားတို့သည် မလောက်မင ဖြစ်လာသည်။ အလျဉ် မမီ ဖြစ်လာသည်။ မျိုးစပါး၊ ကောက်စိုက်ပျိုးနုတ်စရိတ်၊ ကောက်ရိတ်ခ၊

သီးစားခ ပေးလိုက် ရသည့်အခါ စာကလေး အမြီးကနုတ် ခေါင်းက နုတ် လိုက်သဖြင့် ပြုတ်ပြုတ် ပြုန်းသွားသည်။ အာလာကပ္ပ ချစ်တီးယားဓါ အကွက်ဆိုက်လာသည်။ သူက ငွေတိုးချသည်။ ချစ်တီးတိုးမှာ သိသိသာသာ ကြီးပင် ကြီးသည်။

ထိုအချိန်တွင် ဦးကျော်ထွေး၊ ဒေါ်စောရွှေတို့မှာ အလုပ်လုပ် ကောင်းချိန် ဖြစ်သည်။ ကင်းဝန်မင်းကြီး ဦးကောင်း အင်္ဂလန်သို့သွားရန် ရေနန်းစကြာ သင်္ဘောကြီးဖြင့် ဧရာမြစ်ရိုးအတိုင်း စုန်ဆင်း၍ ရန်ကုန်သို့ သွား သည်ကို လည်း သူတို့မသိလိုက်။ ဘုံဘေဘားမား အင်္ဂလိပ်ကုမ္ပဏီနှင့် သီပေါဘုရင် တို့ သစ်ထုတ်ခွင့်နှင့်ပတ်သက်၍ စကားများကာ အင်္ဂလိပ်မြန်မာ တတိယ အကြိမ် စစ်တိုက်ကြသည့်အခါတွင်လည်း သူတို့ ဘာသိဘာသာ နေလိုက် ကြသည်။ ထိုသတင်းကြောင့် ခဏတာမျှ လှုပ်လှုပ်ရှားရှား ဖြစ်သွား သည်မှ အပ သူတို့ အလုပ်အကိုင်မပျက်ခဲ့။ ခဏတာမျှသာ အရောင်းအဝယ် ဆိုင်း သွားသည်။ ထိုအချိန်တွင် အနောက်နိုင်ငံက မြန်မာ့ဆန်ကို များများစား စား နုတ်သိမ်းနေပြီဖြစ်သည်။ ၁၈၆၉ ၌ မြေထဲပင်လယ်ကို ဖြတ်သော စူး အက်တူးမြောင်း ဖောက်လိုက်သည်တွင် အရှေ့တစ်လွှား အင်္ဂလိပ်ပိုင် ကိုလိုနီနယ်များနှင့် ကူးသန်း ရောင်းဝယ်ရေးသည် ရှေးကထက် အဆင်ပြေ လာသည်။ အင်္ဂလိပ်ကုန်စည်တို့သည် ရန်ကုန်မြို့သို့ ရောက်လာကြသည်။ ဦးကျော်ထွေး၊ ဒေါ်စောရွှေတို့သည် ဖျင်ကြမ်းလုံချည်၊ ဖျင်ကြမ်းအင်္ကျီတို့ကို မဝတ်တော့ပြီ။ သရက်ထည် ပိတ်ချောတို့ကို ဆင်ယင်နေပြီဖြစ်သည်။ စပါး ပွဲစားများ၊ ရှေ့နေရှေ့ရပ်များ၊ အင်္ဂလိပ်မင်းမှုထမ်း မြန်မာလူငယ်လေး များ တို့သည်လည်း လယ်ပိုင်ရှင်ကလေး ဦးကျော်ထွေး၊ ဒေါ်စောရွှေတို့အိမ်သို့ ဝင်ထွက် သွားလာကြလေသည်။

မဏိဓောတစက်ပိုင် ဦးအဝိန်၏သား အကောက်သည် ဦးကျော်ထွေးတို့

အိမ်သို့ ရေထွက် မတတ် ဝင်ထွက်သွားလာနေသည်။

'သူ့အမေက နှုတ်သီးကောင်းတယ်နော်။ ညည်းတို့ သတိထားကြ။ အကောက် အိမ်ဝင်ထွက်နေတာကို ပြောလားဆိုလားလုပ်ရင် မောင်ကျော်ထွေးနဲ့ တွေ့လိမ့်မယ်' ဒေါ်နန်းရွှေက သူ့သမီး မစောရွှေကို သတိပေးယူရလောက်အောင်ပင် အကောက်သည်လည်း စပါးကိစ္စ၊ ဆန်ကိစ္စနှင့် သူတို့အိမ် သို့ ရေထွက်မတက် ဝင်ထွက်နေလေသည်။ ဒေါ်နန်းရွှေသည် သူ့ယောက်ျား ကိုဗလ၏မျက်နှာ၊ သူ့ခမက်လည်းဟုတ်၊ သူ့အစ်ကိုလည်းမည်သော ကိုကျော်သူတို့၏မျက်နှာကို ပြေး၍မြင်သည်။ 'အောက်အရပ်မှာ ဗမာစစ်စစ် ရှိတော့မှာ မဟုတ်ဘူး။ သွေးချင်းရောကုန်ကြပြီ။ တို့မြေးလေးတော့ သွေး မနှောစေချင်ဘူးကွယ်။ တရုတ်၊ ကုလားများနဲ့တော့ မပေးစားပါလေနဲ့။ ဒါပဲ မှာခဲ့ချင်တယ်' ဟူ၍ ကိုဗလက ပြောသွားဖူးသည်ကို ဒေါ်နန်းရွှေအမှတ်ရသည်။ ကိုကျော်သူကလည်း ဤအဓိပ္ပာယ်မျိုး ဆောင်သည့် စကားကို ဆိုဖူးသည်။ ထို့ကြောင့် ဒေါ်နန်းရွှေက သူ့သမီး မစောရွှေကို သတိပေးခြင်း ဖြစ်သည်။

သူတို့သည် အရွယ်ရောက်စပြုနေသော သမီးလေး မလှမေကို အရိပ်တကြည့်ကြည့်နှင့် မွေးခဲ့သည်။ မလှမေသည် လောကဓာတ်ကျောင်း ဟုခေါ်သော အစိုးရစာသင်ကျောင်းတွင်နေသည်။ အတွက်အချက်တတ်ပြီး အရေးအဖတ် အသင့်အတင့်ရှိသည့်အခါ ကျောင်းက နုတ်လိုက်သည်။ ထိုနောက် စာရင်းအင်းကို မလှမေ၏လက်သို့ အပ်ရန်ရည်ရွယ်သည်။ မလှမေကားကရင်ဗမာစပ်မို့ ဝါးဘိုးမျှစ်စို့ကြီးလို ဖြူဖြူဝင်းဝင်း ထွားထွားကျိုင်းကျိုင်းနှင့် ချစ်စရာကောင်းလာသည်။ တစ်ခါတလေ သူ့ဘွားအေ မြို့ဝန်မင်း၏သမီး ဒေါ်ခင်ထွေးယယ်ကနှင့်တူသည်ဟု ထင်မိကြသည်။ သား ယောက်ျားလေး မထွန်းကားသဖြင့် မလှမေကို သင့်တင့်သည့် လင်သားနှင့်

အိမ်ထောင်ချဖို့ မိဘများက စိတ်ကူးလာကြသည်။ ထိုအခါ ဟသ်ာတ တစ်ဖက်က စပါးပွဲစားလေး မောင်ဇေယျာကို မစောရွှေ မြင်လေသည်။

'ဒီသူငယ်ဟာ အရွယ်နဲ့မလိုက် သွက်လက်ချက်ချာတယ် ကိုကျော် ထွေးရဲ့။ မဟုတ်ဘူးလား အမေရယ်။ အမေလဲ အကဲခတ်စမ်းပါဦး'

***

(၇)

'ကုက္ကလန် မြောက်ကို လှည့်ကာမှ ပြန်ခဲ့မယ် ရွှေညာသူရဲ့'

ဦးရွှေဖြူသည် လှေကြီးတစ်စီးကို စပ်နေသည်။ ခပ်ကြီးကြီးကား မဟုတ်။ သူ့အားနှင့် တန်ရုံသာဖြစ်သည်။ ပြီးလျှင် ပဲမျိုးစုံတင်၍ မြန်အောင်၊ ကြံခင်းသို့ စုန်မည်။ အပြန်တွင် ဆန်တင်ခဲ့မည်။ သူကြီးအလုပ်ကိုကား တူသားနောင်မယ်တစ်ယောက်နှင့် လွှဲထားခဲ့ရန် စီစဉ်သည်။ သူ့အစီအစဉ် အားလုံးချောမောနေသည်။

'တော့် ဆွေသစ်မျိုးသစ်ဆိုတာတွေအတွက်လဲ ထန်းလျက်ဖြူ ဆုပ်၊ ပုန်းရည်ကြီးတို့ ယူသွားပါတော်ရယ်။ ပြီးတော့ မောင်မခေါ်ပဲ ပြောင်ချော နေတာလေးတွေ လေးငါး ခြောက်ပြည်လောက် ယူသွား။ ပဲနီလေးလည်း နည်းနည်းပါးပါးပေ့ါ။ သူတို့စားဖူးမှာ မဟုတ်ပါဘူး' ဒေါ်ငြိမ်းက ခရီးအတွက် စီစဉ်နေသည်။

'ပါ ပါတယ်ကွာ။ ဟို လှေပေါ်မှာ မင်းပြောတဲ့ပဲတွေ အကုန်ပါတာ ပေ့ါကွ'

'အို တော့်ဆီမှာ ပါတာတွေက ရောပွမ်းတွေနေမှာ။ ကိုဘရွှေတို့ အခင်းက မောင်မခေါ်ကမှ အိဆိမ့်ပြီး ချိုတာတော့်ရဲ့။ ဒီပဲများ စားလိုက်ရရင် ကိုရင့်ဆွေမျိုးတွေ မောင်သာမဟုတ်ဖူး အဖေတောင် ခေါ်နိုင်မှာမဟုတ်ဘူး။ အမေတောင် ခေါ်နိုင်မှာမဟုတ်ဘူး။ ပြီးတော့ မောင်မခေါ်အပင်ဖောက်နည်း

လဲ သေသေချာချာပြခဲ့ဦး'

'ငါ သိပါတယ်ကွာ။ အေး အေး။ မင်းပဲစီစဉ်ပြီး ထည့်ပေးလိုက်ပေတော့။

အားလုံး ပြည့်စုံပါစေနော်’

‘နေစမ်းပါဦးတော်ရဲ့ တစ်နေ့က စကားပြတ်သွားလို့ စုံစုံစေ့စေ့ မသိရပါဘူး။ တော့်အမျိုးတွေဆိုတာက ဘယ်သူနဲ့ တော်တာလဲ ကိုဇေယျာ လား၊ မလှမေလား’

ဖေမောင်နှင့် မငယ်ရောက်လာကြကာ သူတို့အမေ မငြိမ်းအနား ကပ်ထိုင်လိုက်ကြသည်။ မငယ်က သူ့အမေ၏ရင်ခွင်ကို ခေါင်းနှင့်ခွေ့နေသည်။

‘တယ် ဒီ ကလေးတွေရှုပ်ပြီ။ လူကြီးစကားပြောရင် သူတို့ရှေ့က ရောက်လာတာပဲ။ ဧည့်သည်လာရင်လဲ သူတို့ပဲရှေ့က ဧည့်ခံတယ်။ ဖလားစုံကွမ်းအစ်ကျနေတာပဲ’

‘နေစမ်းပါစေကွယ်။ သူတို့လဲ မသိတာသိချင်မှာပေ့ါ။ အထူးအဆန်း ကြားချင်မှာပေ့ါ။ သူတို့မှာက ဘာအကြောင်းဖြစ်ဖြစ် အသစ်အဆန်း ချည်းပဲ မဟုတ်လား’

မငြိမ်းက ကိုရွှေဖြူကို မျက်စောင်းတစ်ချက် ထိုးလိုက်ပြီး ပြုံးစပ်စပ်နှင့် သမီးငယ်၏ကျောကို အသာအယာ တစ်ချက်ပုတ်လိုက်သည်။

‘ဟောဒီ အငယ်မလေး တော်တော့်ကိုဆိုးတယ်’

‘အေး အဲဒါ ငါပြောမလို့ဟာ။ ဒီအကြောင်း ရောက်ကိုမရောက်နိုင်

သေးတာနဲ့ မစမိတာပေ့ါ’

‘တို့နဲ့ ဆွေမျိုးတော်တယ်ဆိုတာက ကိုဇေယျာကွဲ့။ ငါနဲ့ဆိုရင် ညီအစ်ကိုလေးငါးခြောက် ဝမ်းလောက် ကွဲမှာပေ့ါဟယ်။ ငါလဲ သေသေ ချာချာ မပြောတတ်ပါဘူး။ ကိုဇေယျာတို့ အဘိုးများနဲ့မှ တို့အဘွားနဲ့ မောင်နှမတစ်ဝမ်းကွဲဆိုတော့ အင်း၊ ဝမ်းကွဲ ဘယ်နှဝမ်းကွဲခေါ်ရမလဲ’

စဉ်းစားရင်း ဦးရွှေဖြူသည် ငါးရံ့ခြောက်ဖုတ်ကလေး တစ်ဖဲ့ကို ကိုက်စား

လိုက်သည်။ ဖေမောင်၏လက်ကလည်း ငါးရံ့ခြောက်ပန်းကန်သို့ ရောက်သွားသည်။

'ကောင်းကိုးကွဲ့။ သူတို့အိမ်မှာ နေလှန်းကျပ်တင်တာဆိုပဲကွ။ မလှမေလက်ရာနေမှာပဲ'

'တော့်ငါးရံ့ခြောက် ကောင်းပါတယ် တော်ရယ်။ ကဲပါ ဆက်စမ်းပါ ဦး'

မငြိမ်းသည် သူ့ယောက်ျား၏အကြောင်းကို ကောင်းကောင်းသိနေပြီ။ စကားပြော ကောင်းနေပြီဆိုလျှင် သည်လိုပင် ဆတ်တင့်ငုံ့ဖြစ်အောင် လုပ်တတ်သည်။ တမင်လုပ်ခြင်းကား မဟုတ်။ စဉ်းစားတွေးတောနေခြင်း သာဖြစ်သည်။

'ဟိုကောင် ကြည့်စမ်း၊ ဖေမောင်လေ အကောင်းဆို တယ်ကြိုက် တယ်'

'တော့်သားကို တော်ရဲ့ ဖအေတူ နေမှာပေ့ါ။ ကဲပါ'

'အေး၊ ဝမ်းကွဲပေ့ါကွာ၊ ထားပါတော့။ ကိုဇေယျာတို့အဘိုးက ဦးသူရိန်တဲ့။ ပေါင်းလောင်းဇာတိပေ့ါ။ ငယ်ငယ်ကပဲ စစ်သွေးစစ်မာန် တက်ကြွဆိုပဲကွ။ ပေါင်းလောင်းကနေပြီး နေပြည်တော်မှာ မင်းမှုထမ်းဖို့ ထွက်သွားတယ်။ အဲဒီအချိန်တုန်းက ကုလားဖြူတွေနဲ့ ရန်စောင်နေကြရတဲ့ အချိန်မှာပေ့ါ။ တို့ဟိုပုဂံမင်း လက်ထက်လေကွာ။ ပဉ္စမသံဂါယနာတင် မင်းတရားကြီးရဲ့နောင်တော်ပေ့ါ။ ထီးသက်နန်းသက်ကလဲ မရှည်ရှာပါဘူး ကွာ။ အပျော်အပါးကလဲ သိပ်လိုက်စားတာပဲ။ ရွှေပို ဇာတ်ရှုပ်ကြီးဟာ သူ့လက်ထက်မှာလဲ မရှင်းနိုင်ဘူးကွ။ ဒေါသကလဲ ကြီးတယ်နဲ့တူပါတယ်။ ကုလားဖြူက မထိတထိလုပ်ရင်ပဲ သူက စိတ်တိုဆိုပဲ။ နဂိုကမှ စစ်ဖြစ်ချင်နေ တာ သူ့လက်ထက်ကျတော့ မထိန်းနိုင်မသိမ်းနိုင်ဘဲ ဝုန်းခနဲဖြစ်ပြီး ထချကြ တော့ပြန်တာပဲ။ အဲဒီမှာ ကိုဇေယျာတို့အဘိုး ဦးသူရိန်က ဘယ်လိုက ဘယ်လို ရောက်သွားတယ်မသိဘူး။ သုံးဆယ်မြို့ စားဝန်ကြီးရဲ့တပ်ထဲ

ရောက်သွားတယ်။ တပ်မှူးလား၊ တပ်သားလားတော့ မဆိုနိုင်ဘူးကွဲ့။ ကို ဖေယျာတို့က တော့ တပ်မှူးလို့ဆိုတာပဲ။ ထားပါတော့လေ။'

'ကုလားဖြူဆိုတာက ပရိယာယ် အကြွယ်သားလားကွ။ လက်နက်နိုင်ငံကြီးလဲဖြစ်ပြန် စစ်အင်အားကလဲကောင်းပြန် သူ့အတွက်တိုက်ပေးမယ့်၊ သူ့အတွက် အသေခံပေးမယ့်လူကလဲ ပေါပြန်ဆိုတော့ ကြွကြွ ကြွကြွနဲ့ နေတော့တာပေါ့။ ရန္တပိုစာချုပ်ကိုလဲ ပုဂံမင်းရော၊ သူ့အဖေ သာယာဝတီမင်းရော ဘယ်သူကမှ အသိအမှတ်ပြုချင်တာ မဟုတ်ဘူး။ အေးအေး ငါ မှတ်မိပြီ။ သာယာဝတီမင်း ဒဂုန်ဥက္ကလာက ရွှေတိဂုံစေတီတော်ကို ဖူးမြော်ဖို့ ရတနာယာဉ်မှန်သင်္ဘောကြီးနဲ့ စုန်အသွားမှာ ဦးသူရိန်ပါသွားတာ ဆိုပဲကွ။ အဲဒီတုန်းက ဆယ့်လေးငါး ခြောက်နှစ်နေမှာပေါ့။ အဲ ဦးသူရိန် ပြန်ပါမလာ တော့ဘူး။ သုံးဆယ်မြို့စားဝန်ကြီးဆီမှာ အမှုတော်ထမ်းရင်း ကျန်ခဲ့တယ်ဆို တာပဲ။ ရန္တပို စာချုပ်ဆိုတာကလဲ'

'တိုတိုပြောပါ ကိုရွှေဖြူရယ်။ ရန္တပိုစာချုပ်တွေ ဘာတွေ ကျုပ် နားမလည်ပါဘူး။ လိုရင်းရောက်အောင်သာ'

ဖေမောင်သည် ပြုံးဖြီးဖြီးမျက်နှာပေးနှင့် အဖေ့ကိုတစ်လှည့် အမေ့ကို တစ်လှည့် ကြည့်လိုက်သည်။ ပြီးတော့ ငါးရံ့ခြောက်တစ်ဖဲ့ကို ကောက်ဝါး လိုက်သည်။

'တိုတိုပြောရရင် ပုဂံမင်းတက်လာတော့ ကုလားဖြူနဲ့ တစ်ခါ စစ်ဖြစ်တာပဲကွာ။ ရန်ကုန်မြို့ဝန် ဦးအုပ်က စတာပဲ။ ဦးအုပ်က'

ဒေါ်ငြိမ်းက မျက်စောင်း တစ်ချက် ခဲလိုက်ပြန်သည်။

'နားထောင်လို့ သိပ်ကောင်းတာပဲ။ ပြောပါ အဖေရယ်။ ပြောသာပြောပါ' ဖေမောင်က တစ်ချက် ဝင်၍ ထောက်လိုက်သည်။ ဒေါ်ငြိမ်း ဘာမျှ မပြော တော့။

‘ဒါနဲ့ ဩသြော် ရန်ကုန်မြို့ဝန်ဦးအုပ်က အင်္ဂလိပ်နှစ်ယောက်ကို မတရား နှိပ်စက်တယ်တဲ့။ အင်္ဂလိပ်ကုန်သည်တွေကိုလည်း ညှဉ်းပန်းတယ်တဲ့။ အဲဒါ ကြောင့် ရန်ကုန်မြို့ဝန်ဦးအုပ်ကို ပြောင်းရွှေ့ပေးရမယ်တဲ့။ သူတို့ အလိုကျ ပြောင်းရွှေ့ပေးပါရဲ့။ ဒါပေမဲ့ မရဘူး။ စစ်ကတော့ ဖြစ်တော့တာပဲ။ တို့ သင်္ဘောတစ်စီးကို အင်္ဂလိပ်ရေတပ်က အတင်းတွဲခုတ်သွားပြီး စစ်ကြေညာ တယ်။ အဲဒီစစ်ပွဲမှာ ဦးသူရိန်ဝင်ပြီးတိုက်ရတယ်။ သူက သုံးဆယ်မြို့စား တပ်နဲ့ အကောက်တောင်မှာ စခန်းချနေတယ်။ ခေတ္တရာတစ်ဖက်ကမ်း အောက်နား က အကောက်တောင်ပေါ့။ သုံးဆယ်မြို့စား ဝန်ကြီးသတိုး မင်းကြီးမင်းလှ မဟာမင်းခေါင်ဆိုတာက မင်းကြီးမဟာဗန္ဓုလရဲ့သားကွဲ့’

‘သုံးဆယ်မြို့စား ဝန်ကြီးသတိုးမင်းကြီးမဟာမင်းလှမင်းခေါင်၊ သုံးဆယ် မြို့စား ဝန်ကြီး သတိုးမင်းကြီးမဟာ မင်းလှမင်းခေါင်’

ဖေမောင်သည် စိတ်ထဲတွင် ဗန္ဓုလသားဘွဲ့ကို နှစ်ကြိမ်ပြန်၍ ရွတ် နေသည်။ ကြားလိုက်ရသည့်အခါ ရွတ်လိုက်ရသည့်အခါ ကြက်သီးထ

လာသလိုလို၊ အားတက်လာသလိုလို ဖြစ်မိသည်။

‘အင်္ဂလိပ်တပ်က သင်္ဘောတွေအများကြီးနဲ့ ဧရာမြစ်ကြောင်းအတိုင်း တက်လာဆိုပဲကွ။ အောက်ကလည်း ဆီးကြတားကြသတဲ့။ ဒါပေမဲ့ တက် လာတာပဲတဲ့။ အဲ အကောက်တောင် ရောက်တော့ ဦးသူရိန်တို့တပ်က ဘာမှ အဆင်သင့်မဖြစ်သေးဘူးဆိုပဲ။ ဒါနဲ့ ကမ်းကိုတက်ပြီး မြို့စောင့်တပ် စခန်း က လက်နက်တွေ သိမ်းသွားတယ်။ ညတွင်းချင်းပဲ ပြည်ခေတ္တရာကို ရောက်သွားတယ်။ ပြီးတော့ ပြန်စုန်လာတယ်။ မြစ်ဖြတ်ကူးနေတဲ့ သုံး ဆယ်မြို့ စားတပ်တွေကို တွေ့တယ်။ ပစ်ကြ ခတ်ကြပေါ့ကွယ်။ သုံ့ပန်း အဖြစ်နဲ့လဲ မြန်မာတွေကို ဖမ်းဆီးသွားသေးတယ်။ အဲဒီမှာ ဦးသူရိန်ဟာ လက်လွတ် ထွက်ပြေးပြီး တပ်နဲ့ကွဲသွားတယ်ဆိုပဲကွ’

‘သူတို့ ဆက်ပြီး မတိုက်ကြတော့ဘူးလား အဖေ’

‘တိုက်တာပေ့ါကွာ။ တိုက်တာမှ အားလုံး ရှုပ်ရှုပ်ချုံချုံ တိုက်ကြတာ ချည်းပဲ။ ဟိုတုန်းကလဲ တိုက်တာပဲ။ နောက်လဲ တိုက်တာပဲ။ တို့လက်ထက်

တုန်းကလဲ တိုက်တာပဲ။ သေလိုက်တာလဲ သောက်သောက်လဲပဲ။ ကုလားဖြူတွေလဲ ကျတာပဲ။ အလောင်းချင်းကို ထပ်နေတာပဲ’

တို့တုန်းကလဲ တိုက်တာပဲဟူသော စကားကို ကြားရသည့်အခါ မောင်ဖေမောင်သည် သူ့အဖေ တိုက်ပွဲတွင်ပါသည့်အကြောင်း မေးလိုက်ချင် သေးသည်။ သို့သော် မမေးရဲ။

‘ကိုဇေယျာက သူ့အဘိုးကို မမီ့တမီ့ကွ။ သိပ်စုံစုံစေ့စေ့တော့ မဟုတ်ဘူးပေ့ါ။ ဦးသူရိန်က ဟသ်ာတဖက်မှာ သောင်တင်ပြီး ကျန်ရစ် တယ်။ အမှုတော်ကိုတော့ ဆက်ပြီးထမ်းသေးဆိုပဲ။ ဟသ်ာတမှာ မွန်အမျိုးသမီးတစ်ယောက်နဲ့ အိမ်ထောင်ကျတယ်။ သူတို့မှာ သားနှစ်ယောက် သမီးတစ်ယောက် မွေးတယ်။ အကြီးဆုံးသားက မောင်မင်းထင်တဲ့။ သူ့ကျတော့ ကုန်သည်လယ်လုပ် ဖြစ်လာပြီး လယ်နဲ့ချောင်းနဲ့ပေ့ါကွယ်။ သူကလဲ ဟသ်ာတသူ မမြသွေးဆိုတာနဲ့ အိမ်ထောင် ကျတယ်။ ကိုမင်းထင်နဲ့ မမြသွေး တို့ကမွေးလာတော့ သားလေးမောင်ဇေယျာတဲ့’

‘ကိုဇေယျာတို့ ဆိုတာကလည်း မျိုးနဲ့ရိုးနဲ့ လယ်တို့စပါးတို့လုပ်လာ

တာပေ့ါကွယ်။ သူ့အမေ မမြသွေးဆိုတာကလဲ ဟသ်ာတသူ ဆိုပေမဲ့ တို့အညာကပဲ။ အညာဆက်ပဲ။ ပြီးတော့ တစ်ခါ မလှမေ မိဘအိုးဘွားများ ဆိုပြန်တော့လည်း ရွှေဘိုကျောက်မြောင်းဆက်။ အားလုံးလိုလို အောက်အရပ်ကို ရွှေ့ကြပြောင်းကြတာပဲ။ ဟိုတုန်းကတော့ တို့များနေပြည်တော်ကို တက်ကြရတယ်။ နေပြည်တော်ရောက်မှပဲ လူရာဝင်တယ်။ မင်းနဲ့ စိုးနဲ့ ဆက်ဆံရတာပဲ ဂုဏ်ရှိတယ်ထင်တယ်။ ထီးသံနန်းသံ ကြားရမှပဲ သာယာ တယ်ထင်

တယ်။ သူ့အချိန်နဲ့သူပေါ့ကွယ်။ သူ့ခေတ်နဲ့သူပေ့ါ။ တကယ်တော့လဲ ကြီးပွားချင်တယ် ဆိုရင် စွန့်စားရမှာပဲ။ မစွန့်စားဘဲနဲ့တော့ ဘယ်သူ ကြီးပွားမလဲ ငါ့သား။ လူတစ်ရာမှာ တစ်ယောက် လောက်တော့ အလိုလိုနေရင်း ကြီးပွားလာတာရှိမှာပေ့ါ။ ဥစ္စာသိုက်တူးမိတာ ရှိမပေ့ါ။ သဟာကျတော့ သူ့ကုသိုလ်ကိုးကွဲ့။ သူ့အကျိုးပေးကိုးကွဲ့။ ဒီတော့ ကြီးပွားချင်ရင် စွန့်စားရမယ်။ ကြိုးစားရမယ်။ စည်းကမ်းရှိရမယ်’

‘စည်းကမ်းရှိရမယ် ဆိုလို့ ပြောရဦးမယ်။ အခု အဖေ စမုန်ကွင်းကောက်ကို ရောက်ခဲ့တယ်။ ကိုဇေယျာတို့ မလှမေတို့ တစ်မိသားကို တွေ့ခဲ့တယ်။ သူတို့ကို အဖေ အကဲခတ်ကြည့်ခဲ့တယ်။ အဖေ လူကဲခတ် မမှားဘူးနဲ့တူတာပဲ။ သူတို့အခြေအနေနဲ့ သူတို့ကြိုးစားပုံနဲ့ သူတို့ပတ်ဝန်းကျင်နဲ့ သူတို့အသိုင်းအဝိုင်းနဲ့ ရှေ့လျှောက် ကြီးပွားဦးမှာပဲ။ ဖွံ့ဖြိုးဦးမှာပဲ။ မလှမေရဲ့အမေက စေ့စပ်တယ်။ အထိန်းအသိမ်း ကောင်းတယ်။ သူ့အဖေဦးကျော်ထွေးက ကြိုးစားတယ်။ ရိုးသားတယ်။ သူတို့အိမ်မှာ မလှမေက သော့ကိုင်။ သူ့အမေမစောရွှေတုန်းကလည်း သော့ကိုင်နေမှာပဲ။ မလှမေက လောက ဓာတ်ကျောင်းမှာ အတွက်အချက်တတ်ခဲ့တော့ စာရင်းအင်း နိုင်တော့တာပေ့ါကွာ။ ပြီးတော့ သူ့မိဘတွေ ဘယ်လောက်သမက်ရွေးတော်သလဲ။ ရိုးရိုးသားသားနဲ့ အသောက်အစားမရှိတဲ့ ကိုဇေယျာကို ဖမ်းရွေးလိုက်တယ်။ ကိုဇေယျာ မျိုးရိုးဆိုတာကလဲ ခေတာမှမဟုတ်ပဲလားကွ။ သတ္တိရှိတယ်။ စွန့်စားတယ်။ လုပ်စရာကိုင်စရာရှိရင် နောက်မတွန့်ဖူး။ အလုပ်တစ်ခုကို ဆုံးခန်းတိုင်အောင် လုပ်တယ်’

‘သူတို့တင်လား၊ မဟုတ်ဘူး။ သူတို့နဲ့ ဆက်စပ်ပြီး စမုန်ကွင်း ကောက်မှာ တစ်ဦးတည်းသော ဆန်စက်ပိုင် ဦးအဝိန်ကို ငါတွေ့ခဲ့သေးတယ်။ ဘာမှမရှိရာကနေ ဆန်စက်ပိုင်ဖြစ်လာတဲ့သူ။ တရုတ်ကပြားပေ့ါကွယ်။ လူစေ့ စပ်

တွေပေါ့။ အကွက်အကွင်းလဲ အလွန်မြင်တဲ့လူတွေပေါ့။ သူတို့နှစ် အိမ်ထောင်ဟာ စမုန်ကွင်းကောက်မှာ အပြိုင်ပေါ့။ ကိုကျော်ထွေး မစောရွှေ တို့ကလဲ မလှမေအတွက် နေရာချထားဖို့မှာ ဦးအဝိန့်သား အကောက်ကိုလဲ ထည့်ပြီးစဉ်းစားတာပေါ့။ စဉ်းစားဆိုလဲ စဉ်းစားစရာပါပဲ။ ဒါပေမဲ့ သူ့ အဘွား ဒေါ်နန်းရွှေကြီးက မျိုးရိုးကို ထိန်းသိမ်းချင်တာနဲ့ လွဲသွားတာပေါ့’

မယ်ငြိမ်းက သူ့ယောက်ျားကိုရွှေဖြူ စမုန်တွင် တော်တော် စပ်စပ်စုစု လုပ်ခဲ့ဟန်တူသည်ဟု သဘောရမိလေသည်။

‘ဒီတစ်ခေါက်အောက်သွားရင် ကျွန်တော်လဲ လိုက်ချင်တယ် အဖေ’

‘မဖြစ်သေးပါဘူးကွယ်။ ငါ့သားက ငယ်ပါသေးတယ်။ နောက်တော့ သွားရမှာပေါ့။ အဖေက ငါ့သားကို အဖေလို သူကြီးလုပ်စေချင်တာ မဟုတ်ဘူး။ အဖေလို လှေသူကြီးလုပ်စေချင်တာ မဟုတ်ဘူး။ ငါ့သား စာကြိုးစားရ ဦးမယ်။ အင်္ဂလိပ်စာကိုပေါက်ရောက်အောင် သင်ရမယ်။ ဒါမှ လူရာဝင်မယ်။ အဲဒီတော့’

‘မဟုတ်ဘူး အဖေရယ်။ အလည်အပတ် ဖြစ်ဖြစ်ပေါ့။ ကျွန်တော်လည်း ရောက်ဖူးချင်တာပေါ့။ ကျောင်းကလဲ ပိတ်ဦးမှာပါ။ ကျောင်းပိတ်ရက် နဲ့ ကြုံတဲ့အခါ ပြောတာပါ အဖေရယ်’

‘အေးပေါ့ကွယ်။ အဆင်သင့်သလိုပေါ့’

***

(၈)

‘ဟောသဟာက မောင်မခေါ်ပဲ ခေါ်တယ်။ စားလိုက်ရင် အီဆိမ့်လာတာနဲ့ မောင်တောင် မခေါ်နိုင်တော့ဘူးကွ။ ပဲကြီးလို့ ခေါ်ကြတဲ့ပဲပါပဲ။ ပြီးတော့ ထန်းလျက်ဖြူဆုပ် နုနုကလေးလဲ မငြိမ်းက ထည့်ပေးလိုက်သေးတယ်။ ပုန်းရည်ကြီးလဲ ပေးလိုက်သေးတယ်။ ထန်းလျက်ဖြူဆုပ် ကတော့ ပခုက္ကူဖက်က မှာရတာ။ ကျုပ်တို့ဆီမှာ ထန်းတောတွေလဲ ပေါပါရဲ့။ သာပေမဲ့ ပခုက္ကူ ရေစကြိုဘက်ကလောက် မကောင်းဘူး။ သူတို့ဆီက လုပ်တတ်တယ်။ စားကြ၊ စားကြ’

ဦးရွှေဖြူသည် စမုန်ကွင်းကောက်သို့ ဒုတိယမွိအကြိမ် ရောက်လာသည်။

‘ဟုတ်ပ့ါအမေရယ်။ ထန်းလျက်ဖြူဆုပ် ဆိုတာကလေးက ကောင်းလိုက်တာ။ ဖြူနေ နုနေတာပဲ’

‘အမယ် ငါ့သမီးကြီးတောင် တော်တော်ကြီးလာပေ့ါပဲ။ စား စား သမီး၊ စား။ ဖြူလို့နုလို့ သင်းကို အနုဆုပ်လို့လဲ ခေါ်သကွဲ့’

ထုံးစံအတိုင်းပင် လူကြီးဝိုင်းထဲသို့ ကိုဇေယျာ မလှမေတို့၏သမီး ညွှန့်ခင် ရောက်လာသည်။ ကိုဇေယျာနှင့် မလှမေတို့က ဦးရွှေဖြူကို ပျာပျာသလဲ ကြိုဆိုကြသည်။

‘ကဲ၊ ဒီတခါ တစ်လ၊ ကိုးသီတင်းနေပေတော့ ကိုကြီးဖြူ။ ဘာမှ အားနာစရာမရှိဘူး။ ရောင်းရေးဝယ်တာ များရော ဘယ်လိုလဲ’

‘ဒီလိုပဲ အစပျိုးရတာပေါ့ခင်ဗျာ။ ဟန်မယ်တော့ ထင်တာပါပဲ။ ကျုပ်တို့က အသက်လေးဆယ် ချဉ်းမှ ကူးဟယ်သန်းဟယ်နဲ့ လုပ်ရတာဆိုတော့ သိပ်တော့ဖြင့် အဝါးမဝလှသေးပါဘူး။ နဂိုက သူကြီးအလုပ် ဆိုသဟာကတော့ အိမ်က တယ်ခွာရတယ် မရှိပါဘူး။ လက်ထက်တော်ကလေး မီတယ်ဆိုရုံပဲ မီလိုက်တော့ မန္တလေးကိုတော့ တစ်နှစ်တစ်ခေါက် ဆိုသလို သွားရသပေါ့ခင်ဗျာ။ အဲ ကျန်တဲ့ အချိန်တွေမတော့ အိမ်မှာလိုလိုချည်း ပါပဲ။ အခွန်အတုတ်ကောက်ရ၊ တခြား မင်းမှုကိစ္စတွေလုပ်ရ၊ လှည်းဆင့်ရ၊ လှေဆင့်ရ၊ လူစုရနဲ့ ဗာဟီရများနေတာပါပဲ။ ကျုပ်တို့ယာ ဆိုတာကလဲ ကိုယ်က သိပ်ဂရုစမ္မ စိုက်ရလှတယ်မရှိပါဘူး။ သူရင်းငှားနဲ့ဘာနဲ့ ဆိုတော့ အချိန်တန်ရင် အသီးအနှံဖြစ်လာတာပါပဲ’

ဦးရွှေဖြူသည် မြန်အောင်နှင့် ကြံခင်းတွင် ပါလာသောအညာကုန် များကို ပခုက္ကူပွဲရုံတစ်ခု၌ ချထားခဲ့သည်။ စမုန်တွင် ရက်အတန်အသင့်နေကာ အဆင်သင့်လျှင် ရန်ကုန်သို့သွားမည် စိတ်ကူးသည်။

‘ရောက်တုန်းပေါက်တုန်း အေးအေးဆေးဆေးနေပါ ကိုကြီးဖြူရယ်။ တွေ့ရခဲဘိခြင်း။ ကျွန်တော်တို့ကလဲ အညာဆိုလို့ တစ်ခေါက်မှ ရောက်တာ မဟုတ်။ ဇာတိဆိုတာကတော့ ကျွန်တော်ရော မလှမေရော အညာဇာတိ ချည်းပါပဲ။ ဇာတိလို့သာပြောရတာပါလေ။ အောက်မွေး အောက် ကြီးတွေပါ။ မိဘမျိုးရိုးကသာ အညာကိုး။ ညောင်ဦးတို့ ပုဂံတို့ ပခုက္ကူတို့ ပခန်းတို့ မြင်းခြံတို့ ပေါင်းလောင်းတို့ဆို ကြားသာကြားဖူးတာ။ ပေါင်းလောင်း ဆိုတော့လည်း ခုနေစပ်ကြည့်ရင် ဆွေမျိုးချည်း နေမှာပဲ။ အခု ကိုကြီးဖြူဆိုတာ တောင် ဟသ်ာတရောက်ပြီး ဟိုမေးသည်စမ်းနဲ့မို့ ဆွေဆက်မျိုးဆက်ပြန်တွေ့တာ မဟုတ်လား။ တကယ်ဆိုတော့ ကျွန်တော်တို့နဲ့ ကိုကြီးဖြူတို့ဆိုတာက အရင်းကြီးရှိသေးတာပဲ’

သူတို့သည် အညာဒေသအကြောင်း၊ မန္တလေးမြို့တော်အကြောင်း၊ သီပေါ ပါတော်မူပုံ အကြောင်းတို့ကို ပြောပြသည်။ ကိုဖေယျာက ပေါင်းလောင်း၏ ခြေခင်းလက်ခင်းကို မေးစမ်းသည်။ ပေါင်းလောင်း၏ ရောင်းရေးဝယ်တာ ကို မေးစမ်းသည်။ ထိုနောက် ဦးရွှေဖြူ၏ ဆွေမျိုးများ အကြောင်းကို မေးစမ်းသည်။

မြို့သူကြီးဟူသည် လက်ထက်တော်ကြီး လက်ထက်တော်ကလေး ခေါ် သော မြန်မာဘုရင် လက်ထက်က အာဏာထက်သည့် ရာထူး၊ ရာခံ ဖြစ်သည်။ အခွေအရံ အသိုင်းအဝိုင်း ကောင်းသည်။ အောက်လက်ငယ်သား တို့ပေါသည်။ အခွန်အတုတ် များများ ကောက်ခံနိုင်သည့် မြို့သူကြီးသည် ပို၍ ဩဇာကြီးသည်။ များများ ကောက်ခံနိုင်သည် ဆိုခြင်းမှာ လုပ်ငန်းကိုင်ငန်း ရောင်းရေးဝယ်တာ ဖွံ့ဖြိုးသောကြောင့် ဖြစ်သည်။ စည်းကြပ်ရသည့် နယ်ပယ်ဒေသ ကျယ်ဝန်းသော ကြောင့်လည်း ဖြစ်သည်။ တစ်ဖန် မင်းနေပြည် နှင့် ဝေးလေလေ ပို၍ တန်ခိုးကြီးလေလေ ဖြစ်သည်။ မင်းနေပြည်နှင့် နီးသည့် ဒေသတွင် မြို့သူကြီး၏ အရှိန်အဝါသည် မှိန်သည်။ ထင်ရာမစိုင်းနိုင်။ မင်းနား တစ်ထောင် မင်းမြောင် တစ်သိန်းတို့ ရှိသည်မ ဟုတ်လား။ မတရားအုပ်ချုပ်သူသည် အရှိန်အဝါကြီးတတ်သည်။ အာဏာ ပို၍ ပိုင်တတ်သည်။ မတရားမှုကို လူတို့သည် မနှစ်မြို့ကုန်။ ထိုအခါ မ တရားမင်းကို ပြည်သူတို့ ငြိုငြင်လာသည်။ သည်သဘောအတိုင်းပင် မြို့သူကြီး၏ အာဏာစက် အတိုင်းအတာ သည်လည်း တည်လေသည်။ မင်း နေပြည်နှင့်ဝေးလျှင် ထိုမြို့သူကြီးသည် မင်းငယ် ပဒေသရာဇ် ဖြစ်လာ တတ်သည်။

ဦးရွှေဖြူ၏အဖေသည် ပေါင်းလောင်းမြို့သူကြီးရိုး ဖြစ်သည်။ ပေါင်း လောင်း ဆိုသည်ကား မန္တလေးနှင့် မလှမ်းမကမ်း၊ မနီးလွန်း၊ မဝေးလွန်း

သော နေရာတွင်တည်ရှိသည်။ သို့ဖြစ်ရာ ပေါင်းလောင်းမြို့သူကြီး၏ အာဏာသည် ပုံမှန်အတိုင်းဆိုလျှင် မကြီးလွန်း၊ မသေးလွန်း။ မထက်လွန်း၊ မသိမ်လွန်း။ ဦးရွှေဖြူ၏အဖေသည် အစက မင်းပါးစိုးခွင်ဝင်ရန် ရွှေမြို့တော်သို့ တက်သွားသူဖြစ်သည်။ သာယာဝတီမင်း၊ ပုဂံမင်းတို့ လက်ထက်တွင် နန်းတွင်းရေး ရှုပ်ထွေး လာသည်နှင့် စိတ်ရှုပ်ကာ မကြီးပွားကာမှ ရှိစေတော့ ပေါင်းလောင်းတွင်သာ ထမင်းတစ်လုတ် အေးအေး စားနေတော့မည်ဟု နှလုံးပိုက်လျက် ပေါင်းလောင်းသို့ ပြန်ပြေးလာပြီး မြို့သူကြီးဘဝတွင် အေးအေးကုပ်ကုပ်နှင့် အရိုးထုတ်သွားသူဖြစ်သည်။ နန်းလုပွဲတွေကို သူစိတ်ရှုပ်သည်။ သို့ရာတွင် လက်ထက်တော်ကြီးဟုခေါ်သည့် မင်းတုန်းမင်းကြီး

လက်ထက်၌ကား ရွှေနန်းတော်ကို တစ်အားတက်မိသည်။ ယောအတွင်းဝန် ဦးဘိုးလှိုင်၊ ကနောင်မင်းသားတို့၏ ကြံရည်ဖန်ရည်၊ လုပ်ရည်ကိုင်ရည်နှင့် အမြော်အမြင်တို့ကို ကြည့်ကာ တို့တိုင်း၊ တို့ပြည်၊ တို့လူမျိုး ကြီးပွားတော့မည်ဟု မျှော်လင့်မိသည်။ သို့ကြောင့်ပင် သားမောင်ရွှေဖြူကို ရွှေမြို့တော်သို့ ခေါ်သွားဖူးသည်။ သူ့သားကား သူ့လိုပင် အေးအေးကုပ်ကုပ် နေတတ်သော အကျင့်ရှိလေရကား အရာအထူးတို့ကို စိတ်မဝင်စား။ ထီးနန်းဝန်းကျင်တွင် မပျော်ပိုက်။ သို့ကြောင့်ပင် ဒါလည်း တစ်မျိုးကောင်းတာပဲလေဟု ယူဆကာ မင်းပါးစိုးခွင်ဝင်ဖို့ မတိုက်တွန်းတော့ဘဲ နေလိုက်သည်။ ဤသို့သော သူကြီးမျိုး ဖြစ်ငြားလည်း ဦးရွှေဖြူ၏ ရိုးဂုဏ်သည် ပေါင်းလောင်းဒေသတွင် မွှေးကြိုင်ခဲ့သည်။

'အညာဆိုတာကတော့ ရေးကနဲ့ မတူတော့ဘူးဗျ။ နည်းနည်း မျက်စိပွင့်လာတာပေါ့ ခင်ဗျာ။ ခုတော့ ရုံးနဲ့ ဂါတ်နဲ့ ကျောင်းနဲ့ဆိုတော့ ရောင်းရေးဝယ်တာလဲ ခါတိုင်းထက် စည်ပင်လာတယ်ပေါ့။ သဟာပေမဲ့ ထွက်ကုန်က

တန်ဖိုးသိပ်မရှိ။ များများစားစားလဲ မထွက်ဆိုတော့ အောက်အရပ် လိုတော့ ဘယ်စည်ပင်မလဲဗျာ။ ပေါင်းလောင်းဆိုတာကလဲ နည်းနည်းချောင်ကျ တယ်။ ပေါင်းလောင်းထက် အကွက်အကွင်း ကောင်းတယ်ဆိုရမယ့် ပခုက္ကူတို့လို ဆိုသဟာမှာတော့ အခုအခါမှာ ပွဲရုံကြီးတွေ ဟိန်းနေပြီဗျ။ အညာကုန် အောက်ကုန် ဖလှယ်တဲ့ ဒေသကြီးတစ်ခု ဖြစ်နေပြီဗျ။ ဒီလိုနဲ့ တဖြည်းဖြည်း ဖွံ့ဖြိုးရမှာပေါ့ ခင်ဗျာ။ ခုဆို ကျွန်တော်တို့ ပေါင်းလောင်းမှာ သစ်စက်တည်မယ့်သူတောင် ရှိနေပြီ'

ကိုဇေယျာသည် ကိုရွှေဖြူနှင့် ကိုရွှေဖြူ၏ မိသားစု အကြောင်းကို အတန် အသင့် သိနားလည် သွားသည်။ အရှည်ဆက်ဆံနိုင်မည့် ဆွေမျိုးမိတ်ဆွေပဲ ဟူ၍လည်း သဘောပေါက်သွားသည်။ အခြေအနေကတော့ ခပ်မှန် မှန်။ အတက်ကြီးလည်း မဟုတ်။ အကျကြီးလည်း မဟုတ်ဟု ကိုဇေယျာ ထင်သည်။

'အဲဒီ မောင်မခေါ်ပဲဆိုတာ ချက်နည်းလည်း ပြောပြဦးမှပေါ့ ကိုကြီးဖြူရဲ့'

'ဟုတ်ပ့ါ မလှမေရယ်။ ပြောမယ် ပြောမယ်နဲ့ မေ့နေလိုက်တာ။ သူ့ကို တစ် လက်ခုပ်လောက် ရေနွေး ကြက်သီးထလေးနဲ့ စိမ်ထား။ နောက် တစ်နေ့ မနက်ကျတော့ သူ့အလိုလို အညှောက် ထွက်လာလိမ့်မယ်။ ဒါက တစ် နည်း။ နောက်တစ်နည်းက မြေကြီးထဲမှာ သဲလေးစပ်စပ်ပေ့ါ။ အဲ သဲထဲမြှုပ် ထားပြီး အပေါ်က ရေလောင်းပေး။ နောက် နှစ်ရက်လောက်ဆိုရင် အညှောက် ထွက်လာလိမ့်မယ်'

'အညှောက်ထွက်ပြီးတော့ ဘယ်လိုလုပ်ရဦးမှာလဲ ကိုကြီးဖြူရဲ့'

'ဟုတ်ပ့ါ မလှမေရယ်။ အညှောက်ပေါက်တော့ အခွံသင်ပေ့ါဗျ။ ပြီးတော့မှ ဆီလေးအိအိနဲ့ချက်။ ဆီပြန်လဲ စားလို့ကောင်းတာပဲ။ ဒါမှမဟုတ် အရည် သောက် ဟင်းချို ချက်ချင်သပ ဆိုရင်လဲ ရေများများနဲ့ ဟင်းချိုအိုး တည်

သလို တည်လိုက်ရတာပဲ’

‘ကျွန်မတို့တော့ ခုမှပဲ စားဖူးတော့မှာပဲ။ အညာနဲ့က ဝေးနေတယ် မဟုတ်လား။ ပုန်းရည်ကြီး ကိုတော့ ခဏခဏ စားရပါရဲ့။ ဒါလဲ မြန်အောင်၊ ကြံခင်းဘက်က မိတ်ဆွေတွေလာတော့ ပါလာတာပါ။ စိတ်အေး လက်အေးနဲ့ တစ်လကိုးသီတင်း ဘုရားဖူးလာချင်တယ် ကိုကြီးဖြူရယ်။ ဒါပေမဲ့ မြင်တဲ့အတိုင်းပဲ။ အားကို မအားရဘူး။ ကိုဇေယျာရော ကျွန်မရော အလုပ်နဲ့လက်နဲ့ကို ပြတ်တယ်မရှိဘူး။ ဘာရယ်လို့တော့ မဟုတ်လှဘူး။ ဒါပေမဲ့ အလုပ်က များသား။ သူမရှိလဲ မဖြစ်ဘူး။ ကျွန်မ မရှိလဲ မဖြစ်ဘူး’

‘လာဖို့တော့ ကောင်းတာပေါ့ မလှမေရယ်။ ခုလို တန်ဆောင်မုန်းနတ်တော် ပြာသို အကောင်းဆုံးအချိန်ပဲ။ ကျုပ်တို့ဆီမှာ အဲဒီအချိန် ပွဲတွေလမ်းတွေ ပေါပေါ့ဗျာ။ ရာသီဥတုကလဲ ခြေခင်းလက်ခင်း သာလာပြီ မဟုတ်လား။ ပုဂံညောင်ဦးဝင်ပြီး ဘုရားတွေဖူး။ ပြီးတော့ မန္တလေးတက်။ စစ်ကိုင်းဘက်ကူး။ အချိန်ရရင် ရွှေဘိုတက်လိုက်ဦး။ အပြန်မှာ ကျုပ်တို့ ပေါင်းလောင်းဝင်။ ပြီးတော့ ပခုက္ကူပခန်းဘက်က သီဟိုဠ်ရှင်တို့ စည်သူရှင်တို့ဖူး။ ဆွေတွေမျိုးတွေလဲ တွေ့ရတာပေါ့’

‘ကျွန်မလေ ရွှေဘိုကျောက်မြောင်းဘက်ကို သိပ်သွားချင်တာပဲ ကိုကြီးဖြူရဲ့။ မိဘဘိုးဘွားတွေရဲ့ ဇာတိမဟုတ်လား။ အဲဒီအကြောင်းတွေ တွေးလိုက်ရင် အဘွားကို ကျွန်မ သိပ်လွမ်းတာပဲ။ အဘွားထွေးသတ္တိကိုလည်း ကျွန်မ သိပ်ချီးကျူးမိတာပဲ။ အဘွားထွေးလေ အဘိုးကျော်သူတို့၊ အဘိုးဗလတို့နဲ့ စွန့်စွန့်စားစား ဒီအရပ်ရောက်လာတာ။ အဘွားထွေးဆွေမျိုး တွေလဲ ကျန်ရစ်ရှိရစ်ဦးမှာပဲ။ အဘွားထွေးဟာ မြို့ဝန်သမီး ကိုကြီးဖြူရဲ့။ မြို့ဝန်သမီး ရင့်မကြီးက အဘိုးကျော်သူကို ချစ်တာတစ်ခုတည်းနဲ့ စွန့်စားတယ်ဆိုတာ တော်တော့်သတ္တိ မဟုတ်ဘူးလို့ ကျွန်မစိတ်ထဲ စွဲနေတယ်ကိုကြီးဖြူ။ အဘွား

သေခါနီးတော့ ကျွန်မ ဒီအကြောင်းတွေ မေးကြည့်ဦးမယ် စိတ်ကူးသေးတယ်။ ဒါပေမဲ့ မမေးတော့ပါဘူး။ ကျွန်မလဲ အဘွားနန်းဆီက သိတန်သလောက် သိလိုက်ပါတယ်'

ဦးရွှေဖြူသည် ကျောက်မြောင်းမြို့ဝန်သမီး ဒေါ်ခင်ထွေးကို ကြည် ညိုစိတ်ဖြစ်မိလေသည်။ သည်လယ်သည်ချောင်းတွေ သူတို့ ထူထောင်ခဲ့ကြ တာပဲ။ ထူထောင်ပြီး မပျောက်ပျက် မတိမ်ကောအောင် ထိန်းသိမ်းနိုင်ခဲ့တာ ချီးကျူးစရာပေပဲ။ စည်းကမ်းနဲ့စနစ်က ထိန်းခဲ့ချုပ်ခဲ့တာ ဖြစ်ရမှာပဲ။

ဖြစ်လိုက်ပျက်လိုက်အစဉ်တွင် ဦးရွှေဖြူသည် သက်ရှိသက်မဲ့ ပျက်စီးရသည်ကို စဉ်းစားမိ ပြန်သည်။ သက်ရှိသက်မဲ့တို့တွင် စီးပွားပျက်သည်ကိုလည်း မြင်ခဲ့ကြုံခဲ့ရပြီ။ မြို့ပျက် ရွာပျက်သည် ကိုလည်း မြင်ခဲ့ကြုံခဲ့ရပြီ။ တိုင်းပျက်ပြည်ပျက်သည် ကိုလည်း မြင်ခဲ့ကြုံခဲ့ရပြီ။ ထီးပျက်နန်းပျက်သည်ကိုလည်း မြင်ခဲ့ကြုံခဲ့ရပြီ။ သူ့မျက်စိအောက်တွင်ပင် တထိန်ထိန် တညီးညီး ဘုန်းမီးနေလ တောက်ပခဲ့သော ကုန်းဘောင်ဆက် ပျက်သုဉ်းသွားခဲ့ပြီ။ သို့ရာတွင် ဖြစ်လာတည်လာသည်တို့ကို မပျက်အောင် မထိန်းနိုင်ဘူးလား။ တိုးသည်ထက် တိုး၊ ပွားသည်ထက်ပွား၊ စည်ပင်သည်ထက် စည်ပင်လာအောင် မထိန်းနိုင်ဘူးလား။ တစ်ဦးတည်းတစ်ယောက်တည်း မထိန်းနိုင်ဘူးလား။ တစ်ဦးတည်းမရလျှင် အများနှင့်ဝိုင်း၍ မထိန်းနိုင်ဘူးလား။ တခြားကိစ္စတွေ ရှိစေတော့။ ယခု မျက်မြင်တွင် ဘိုးကျော်သူ၊ ဘိုးဗလ၊ ဘွားခင်ထွေး၊ ဘွားနန်းရွှေတို့ ဘယ်လိုတည်ဆောက်ခဲ့ကြသလဲ။ သူတို့ ဘယ်လိုထိန်းခဲ့ကြသလဲ။ သူတို့သားသမီးမြေးမြစ်များ ဘယ်လို ထိန်းသိမ်းနေသလဲ။ စည်းကမ်းနဲ့ထိန်းသိမ်းခဲ့တာ ဖြစ်ရမှာပေါ့။ စနစ်နဲ့ ထိန်းသိမ်းခဲ့တာ ဖြစ်ရမှာပေါ့။ ငါတို့ရော။ တို့လည်း တိုးပွားတာပဲ။ တို့လည်း ထိန်းသိမ်းတာပဲ။ ဒါပေမဲ့ သူတို့လောက် မတိုးပွားဘူး။ တို့မှာက တိုင်းပျက် ပြည်ပျက် ကြုံခဲ့ရ

လို့ မတိုးပွားဘဲ ပျက်စီးတာတို့တောင် ရှိခဲ့သေးတယ်။

'ပြီးတော့မှ ကိုကြီးဖြူတို့ဆီ ဝင်ချင်တယ်။ ကိုဇေယျာ့ဆွေမျိုးတွေ ရောရှိဦးမှာပေ့ါနော်။ ကိုကြီးဖြူတို့အပြင် တခြားသူ့ဆွေမျိုးတွေ ပြောတာပါ'

'ဟုတ်ပ့ါ မလှမေရယ်။ ကျုပ်လဲစဉ်းစားတာပဲ။ တချို့လဲ အဝေး လွင့်ကုန်ကြပြီဗျ။ သူတို့အဘိုးဦးသူရိန်မှာက ညီတစ်ယောက်၊ နှမတစ်ယောက် ရှိတယ်လို့ ကြားဖူးတယ်။ ကျုပ်တို့အဘွားများက မမင်းဘုံ၊ မမင်းခြုံ။ မမင်းဘုံနဲ့ ဦးသူရိန်နဲ့က မောင်နှမတစ်ဝမ်းကွဲ။ ဦးသူရိန်မရှိတဲ့နောက် သူ့ညီဦးကျော်ခေါင် ဆိုတာက ရှမ်းပြည်ဘက်ရောက်သွားတယ်။ ဟိုမှာ အိမ်ထောင်ကျထင်ပါရဲ့။ အဲ အဲ နှမအငယ်ဆုံး ဒေါ်စောဆိုတာကတော့ ကျုပ်တို့နဲ့ မဝေးပါဘူး။ ဗန့်ဂျီဘက်မှာ အိမ်ထောင်ကျတယ်။ သူ့အနွယ်တွေ တော့ ခုအထိ ရှိသေးရဲ့လို့ ကြားတာပဲ'

'အင်း ပေါင်းလောင်းဆက်ကမှ ကိုကြီးဖြူနဲ့တွေ့ရလို့ ရေးရေး သိရသေးတယ်။ ကျွန်မတို့ ကျောက်မြောင်းဆက် ကတော့ ခုအထိ စူးစမ်းရှာဖွေလို့တောင် မရသေးဘူး။ ကျွန်မကလဲ မမေးအားသေးပါဘူးလေ။ သွားဖို့ ဆိုပြန်တော့ ခုလို တန်ဆောင်မုန်း နတ်တော် ပြာသိုဆိုတာက စပါးပေါ်ချိန် ရောက်နေပြီ ကိုကြီးဖြူရဲ့။ ကိုကြီးဖြူ အမြင်ပဲ။ ဒါပေမဲ့ ကိုကြီးဖြူနဲ့တွေ့တော့ ပေါင်းလောင်းကိုလည်း လာချင်တာပဲ။ အစ်မငြိမ်းတို့ မောင်ဖေတင်တို့ အငယ်တို့ကိုလဲ တွေ့ချင်သေးတာပဲ'

ဦးရွှေဖြူသည် ထိုစကားကြောင့် ပီတိဖြစ်သွားသည်။ ခုမှတွေ့ရသည့် ဆွေမျိုးဆိုသော်လည်း ခင်တတ်သည်။ ဆွေမှန်းမျိုးမှန်း သိတတ်သည်ဟု စဉ်းစားမိကာ ကိုဇေယျာ၊ မလှမေနှင့် ကလေးတွေအပေါ် ပို၍ခင်လာသည်။ ထိုမှတစ်ဖန် မလှမေ စကားပြောကောင်းသည်ကိုလည်း ချီးကျူးမိသည်။ အိမ်က မယ်ငြိမ်းတို့နဲ့များ ကွာလိုက်လေခြင်း။

‘ဒါမှမဟုတ်လဲ နောက်တစ်ခေါက်မှာ အစ်မငြိမ်းကိုရော သားတွေ သမီးတွေကိုပါ ခေါ်ခဲ့တာပေါ့’

‘ကောင်းပါ့ဗျာ။ ကောင်းပါ့။ ကျေးဇူးကြီးလှပါပေတယ်။ မလှမေတို့ ရဲ့ အစ်မငြိမ်းတို့ကတော့ လူထဲဝင်လို့ မဖြစ်ပါဘူး။ အကအသနဲ့။ အဲ အိမ်က သားတော်မောင်ကဖြင့် လိုက်ချင်တယ် လိုက်ချင်တယ်နဲ့ ပူဆာနေ တာပဲ’

‘ခေါ်ခဲ့တာပေါ့ ကိုကြီးဖြူရယ်။ ကလေးလဲ ရောက်ဖူး ပေါက်ဖူးတာပေါ့’

‘အဲဒီကောင်က ကလေးမဟုတ်တော့ဘူး ခင်ဗျ။ ကနေ့ နက်ဖြန် လူပျိုကြီး ဖားဖား ဖြစ်တော့မှာ ဟား ဟား’

***